
စိတ်ကူးချိုချိုအနုပညာ

mgyoe.com


# မြင်းကလေးအာတားနှင့်

## အခြားကိုယ်တွေ့ဆောင်းပါးများ-၁

## သော်တာဆွေ



mgyoe.com



mgyoe.com

# မြင်းကလေးအာတားနှင့်

## အခြားကိုယ်တွေ့ဆောင်းပါးများ-၁

## သော်တာဆွေ

မဂ္ဂဇင်းအစောင်စောင်တွင် ရေးသားခဲ့သော
လုံးချင်းအဖြစ်မထုတ်ဝေရသေးသည့်
စာရေးဆရာကြီးသော်တာဆွေ၏ဆောင်းပါးမွန်များကို
စုစည်းထုတ်ဝေသော အစီအစဉ် - ၁



tts0032
2300.00 Ks

mgyoe.com

mgyoe.com

မြင်းကလေးအာတားနှင့်အခြားကိုယ်တွေ့ဆောင်းပါးများ(၁)၊ သော်တာဆွေ
မျက်နှာဖုံးပန်းချီ - ဘငွေကြည်၊ စာမျက်နှာ ၁၅၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# မြင်းကလေးအာတားနှင့် အခြားကိုယ်တွေ့ဆောင်းပါးများ (၁)

## သော်တာဆွေ

ပထမအကြိမ်၊ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ ဒေါင်းနွယ်ဆွေ ကြွေကျ မြေခတဲ့ ငွေကြယ်ပွင့် ၁
၂။ တက္ကသိုလ် ဘုန်းနိုင်၏ ဝတ္ထုများ ၇
၃။ ခရီးကြုံ ၁၆
၄။ ကျွန်တော်နှင့် ဆရာကြီး ရွှေဥဒေါင်း ၂၁
၅။ ဆရာမြတ်ထန်၏စေတနာ ၃၇
၆။ ရှုမဝဦးကျော်မည်သော ဖွဲ့သတ္တိခဲ ၄၃
၇။ ကျွန်တော်၏ ရေးဖော်သောက်ဖော် ယောက်ဖတော်မိုးဝေ ၅၉
၈။ အလုပ်နှင့်ကံ ၆၇
၉။ မြင်းကလေး အာတား ၇၂
၁၀။ ဟိုတုန်းက ဟစ်တလာ့မြို့တော် ၈၃
၁၁။ မြန်မာပြည်၏ ကြက်ပွဲများ ၉၁
၁၂။ စဥ့်အိုးပေါက်တစ်လုံးမှ ၁၀၁
၁၃။ ကျွန်တော်နှင့် ပဒေသာ ၁၀၈
၁၄။ နေ့ထူး ရက်ထူး တစ်ရက် ၁၁၅
၁၅။ ကျွန်တော့်ကိုယ်တွေ့ရန်ကုန်နိဒါန်း ၁၂၈
၁၆။ ကျွန်တော်နှင့် မျှော်တလင့်လင့် ၁၃၈
၁၇။ မောင်ဆွေတို့ရွာ... ၁၄၆
၁၈။ နိုင်ငံရေးသမားနှင့် စာရေးဆရာ ၁၅၆


mgyoe.com

mgyoe.com


၁၉။ ဖ.ဆ.ပ.လ အဖွဲ့ကြီးကောင်းစားစဉ်က ၁၆၅

၂၀။ ယခုမှ ဝန္နာမိရတော့မည် ၁၇၀

၂၁။ မြှုပ်ကွက် ရှုပ်ကွက်တွင် မပါဝင်သည့် ငုပ်ကွက်ကလေး ၁၇၉

၂၂။ ရှေးဖြစ်ဟောင်းများ ၁၈၇


□

mgyoe.com

mgyoe.com

## ဒေါင်းနွယ်ဆွေ ကြွေကျ မြေခတဲ့ ငွေကြယ်ပွင့်

ကျွန်တော်တို့ ယခုလက်ရှိ မြန်မာစာပေ၌၊ ကဗျာဆရာအဖြစ်နှင့် ရပ်တည်နေကြသူများကို အထူးပင် ချီးကျူးဖွယ် ကောင်းလှပါသည်။ အကြောင်းမှာ မဂ္ဂဇင်းတစ်အုပ်မှာ ကဗျာတစ်ပုဒ်ရေး၍ ရှေ့ပိုင်းကဗျာကဏ္ဍမှ သရုပ်ပြပုံနှင့် ပါရသည်တိုင် စာမူခက ဘယ်လောက်ရလို့လဲခင်ဗျာ။ မသကာ နှစ်ဆယ်၊ အစိတ်ပေါ့။ အဲသည်တော့ လစဉ်မဂ္ဂဇင်း ၁၀ အုပ်မှာ ကဗျာ ၁၀ ပုဒ်ပါအောင် ရေးနိုင်ဦးတော့ သူ့တစ်ယောက်စာမျှ ထမင်းစားဖို့မရ။ နို့ပြီး မိမိကဗျာတွေ ကောင်းလှပါတယ်၊ လူကြိုက်များလှပါတယ်လို့ စုဆောင်းပြီး စာအုပ်အဖြစ်နှင့် လုံးချင်းထုတ်ကြည့်၊ ဝယ်မည့်သူ အလွန်နည်း၊ အငှားဆိုင်ကလည်း မယူ။ ထို့ကြောင့် စာအုပ်ထုတ်သူတို့သည် ကဗျာဆိုလျှင် ဆလံမာရေးကိုး။

သို့တိုင် ကဗျာဆရာဆိုတဲ့ သတ္တဝါတွေ တစ်နေ့တခြား ရေတက်ငါးလို ပွားများလာသည်ကို တွေ့ရတော့၊ သူတို့အား တကယ့်စာပေ ဝါသနာရှင်များအဖြစ် ချီးကျူးဝမ်းမြောက်ရပါသည်။ သူတို့သည် အချို့စာရေးဆရာများကဲ့သို့ ငွေကြေးအတွက် ရေးကြသူများမဟုတ်။ မိမိမှာ အခြားအသက်မွေးမှု လုပ်ငန်းရှိပါလျက်၊ ကဗျာကို မရေးရမနေနိုင်လို့ ရေးကြသူများသာ ဖြစ်၏။

၎င်းတို့အထဲတွင် သေသည့်တိုင်အောင် ကဗျာတွေ မရပ်မနား အများဆုံးရေးသွားသူကား (၂၂–၃–၈၅) က အသက်ကလေး ၅၄ နှစ်နှင့် ကွယ်လွန်သွားရှာသော ကဗျာဆရာ ဒေါင်းနွယ်ဆွေပါတည်း။

သူသည် ကျွန်တော့်ထက် အသက် ၁၀ နှစ်ကျော် ငယ်ပါ၏။ သို့သော်

mgyoe.com

ကျွန်တော်သည် ၁၉၄၇ ခုနှစ်၊ အသက် ၂၈ နှစ်သားမှ စာပေနယ်ရောက်ခဲ့၍ ဒေါင်းနွယ်ဆွေကား ၁၉၄၈ ခုနှစ်၊ သူ့အသက် ၁၇ နှစ်သားလောက်ကစပြီး၊ ကဗျာတွေ စတင်ရေးခဲ့ခြင်းဖြင့် သူနှင့် ကျွန်တော်သည် ရှုမဝမဂ္ဂဇင်းမှာ သူက ကဗျာဆရာအဖြစ်နှင့်လည်းကောင်း၊ ကျွန်တော်က စာရေးဆရာအဖြစ်နှင့်လည်းကောင်း၊ ရင်ပေါင်တန်းမိကြပါသည်။ သူသည် ကျွန်တော့်ဝတ္ထုတွေကို ကြိုက်၍၊ ကျွန်တော်ကလည်း သူ့ကဗျာတွေကို ချီးကျူးခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး လေးစားခင်မင်ကြပါသည်။ ကျွန်တော်တို့နှစ်ယောက်သည် ရှုမဝမဂ္ဂဇင်း၏ ပင်တိုင်ကဗျာဆရာ၊ ပင်တိုင်ဝတ္ထုရေးဆရာများဖြစ်ခဲ့ကြပါသည်။

ရှုမဝဦးကျော်ပြောခဲ့တဲ့စကား ကျွန်တော်ကြားရ၏။ ဒေါင်းနွယ်ဆွေကဗျာဆိုလျှင် ပယ်ရတာမရှိ၊ မကောင်းတာမရှိ။ သော်တာဆွေဝတ္ထုဆိုလျှင် ပယ်ရတာမရှိ၊ မကောင်းတာမရှိဟူ၏။

စင်စစ် ဒေါင်းနွယ်ဆွေသည် ရှုမဝတွင် ကဗျာအများဆုံး ရေးခဲ့သူဖြစ်သလို၊ သော်တာဆွေကလည်း ရှုမဝတွင် ဝတ္ထုအများဆုံး ရေခဲ့သူဖြစ်ပေသည်။ ယနေ့ထိ... ကြည့်။

သို့သော်... သူ့ကို ကျွန်တော့်ထက် ချီးကျူးသင့်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် ဝတ္ထုရေးခြင်းဖြင့် ထမင်းစားလောက်၏။ ဒေါင်းနွယ်ဆွေကား မဂ္ဂဇင်းတော်တကာမှာ ကဗျာတွေ မွနေအောင် လျှောက်ရေးသော်လည်း ထမင်းစားလောက်သူ မဟုတ်။ စီးပွားရေးသတင်းစာ၊ တိုင်းရင်း၊မေဂျာနယ်၊ အိုးဝေဂျာနယ်၊ ဖြူနီညိုပြာမဂ္ဂဇင်းတို့မှာ ကြုံရာသင့်ရာ တွဲဖက်အယ်ဒီတာအဖြစ်တွေ လုပ်ခဲ့ရပါသေးသည်။ သူ့ဇနီး ဒေါ်ခင်မြင့်ကလည်း 'တိုင်းရင်းမေ မမြင့်နွယ်' ကလောင်နာမည်နှင့် ဝတ္ထုတွေ ရေးရပါသေးသည်။ နှောင်းသော် ဒေါင်းနွယ်ဆွေကိုယ်တိုင် လုံးချင်းဝတ္ထုစာအုပ်တွေ ရေးကရောဗျို့။ တစ်ချိတစ်မောင်း တော်တော်လေး ရောင်းကောင်းခဲ့သဖြင့်၊ သူ့ဝတ္ထုတစ်အုပ်စ နှစ်အုပ်စ ကျွန်တော် ဖတ်ကြည့်တော့ ကျွန်တော် စိတ်ပျက်မိ၏။

သဟာနှင့်တစ်နေ့သ၌ လူချင်းဆုံမိ၍၊ ကျွန်တော်က

"ဟဲ့ ငဒေါင်းကြီး၊ နင် ဘာတွေလျှောက်ရေးနေတာလဲဟ။ နင့် ကဗျာ

mgyoe.com

တွေ သိက္ခာကျမယ်။ နင့်ဝတ္ထုတွေ ငါ ဖတ်ကြည့်မိတယ်"

သူက ပျာပျာသလဲ "အစ်ကိုမဖတ်နဲ့၊ ဒါတွေက အစ်ကိုတို့လို လူတွေ ဖတ်ဖို့ ရေးတာမဟုတ်ဘူး။ ထမင်းစားစရာမရှိလို့ ဘော်ချက်ရတာပါ အစ်ကို ရဲ့" ဟု ပြော၏။

မှန်ပါပေသည်။ သူသည် ကဗျာဆရာအဖြစ်နှင့် ရပ်တည်နေနိုင်ရန်၊ ထမင်းဝဝစားဖို့ လိုသည်မဟုတ်ပါလား။

နောင်းသော် သူသည် ထိုဝတ္ထုမျိုးတွေရေးခြင်းရပ်စဲပြီး၊ တကတည်း ကြံမိကြံရာ သူဝါသနာပါ၍ လေ့လာလိုက်စားခဲ့သော ပညာဖြင့် ဒေါင်းနွယ် ဆွေသည် ပြည်ဟိန်းကျော်၊ ပြည်ဟိန်းကျော်သည် ဒေါင်းနွယ်ဆွေ ဆိုပြီး လက္ခဏာ ဗေဒင်ဆရာ လုပ်ပြန်ရောလားခင်ဗျာ။

တစ်နေ့ ရှမဝမှာတွေ့၍ "ဟေ့ကောင်ကြီး၊ နင် ဗေဒင်ဆရာလုပ်တာ ဘယ့်နှယ်နေလဲ" မေးတော့၊ "အံမာ ဒီခေတ် အဲဒီအလုပ်က အစားသာသား အစ်ကိုရဲ့" ဟု ပြန်ပြောပါသည်။

သူသည် ကဗျာဆရာအဖြစ်နှင့် ရပ်တည်ဖို့အတွက် အမျိုးမျိုး အသက် မွေးရသူဖြစ်ပေသည်။

**ဒေါင်းနွယ်ဆွေ၏ ဟာသနှင့် အာဝဇ္ဇန်း။**

၁၉၈၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်၊ တနင်္ဂနွေနေ့က ဒေါင်းနွယ်ဆွေ တို့ မိသားစုနှင့် ကျွန်တော် ခရီးအတူသွားဖို့ ကြုံကြိုက်လာပါသည်။

တွံတေးမြို့နယ် ကန်တစ်ရာ ခြံတစ်ရာ စီမံကိန်းကို လေ့လာရန်၊ တွံတေး မြို့နယ် ပါတီကောင်စီ၏ ဖိတ်ကြားချက်အရ၊ ကဗျာဆရာ တွံတေးသက်ဦး ဦးဆောင်မှုဖြင့် ကျွန်တော်တို့ ရန်ကုန်မြို့မှ စာပေလုပ်သားများ လိုက်ပါသွား ကြသည်။ သက်ကြီးရွယ်လိုက် ဖော်ပြရသော်၊ ဆရာမာဃ၊ သော်တာဆွေ၊ လှသမိန်၊ ဒေါင်းနွယ်ဆွေ၊ ကဗျာဆရာ အောင်မိုင်း၊ ဗေဒင်လက္ခဏာ စာရေး ဆရာ မင်းသိင်္ခ၊ (အဲ အမျိုးသမီး စာရေးဆရာမတွေတော့ ဘယ်သူကြီးတယ်၊ ငယ်တယ် ကျွန်တော်မပြောဘူးနော်) တိုင်းရင်းမေမမြင့်နွယ်၊ (သူ့သမီး) နှင်းပန်းခိုင်၊ ယုဝတီရွှေဝါစိန်၊ တက္ကသိုလ်တင်လေး၊ ယုဝတီ ခိုင်စကားဝါ။

နံနက် ၇ နာရီခန့်၊ ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလကူးတို့သင်္ဘောပေါ်

mgyoe.com

တက်ကြ၊ ၅ မိနစ်လောက်အကြာ ဒလဆိပ်ကမ်းရောက်တော့၊ တွံတေးသို့ ၁၇ မိုင် ခရီး ဂျစ်ကားသုံးစီးနှင့် ထွက်ခဲ့ကြသည်။

အဲ ကံအားလျော်စွာ ကျွန်တော်မှာ နားငြီးရကိန်းကြုံတော့၊ စာရေးဆရာ ဗေဒင်ဆရာဖြစ်တဲ့ မင်းသိင်္ခ၊ ပြည်ဟိန်းကျော်လုပ်နေသော ဒေါင်းနွယ်ဆွေတို့နှင့် ကားတစ်စီးတည်းကျတော့၊ သူတို့ချင်း လေကန်ကြတဲ့ ဗေဒင်လက္ခဏာအကြောင်းတွေ နားဆင်ရတာပေါ့ဗျာ။

အဲသည်မှာ တွံတေးကလာကြိုတဲ့ လူတစ်ယောက်က ရုတ်တရက် စိတ်ကူးပေါက်လာ ထင်ပါရဲ့။

"ဆရာတို့လွန်ခဲ့တဲ့ မတ်လထဲက သတင်းစာတွေထဲ ဖတ်လိုက်ရမှာပေါ့။ ကျွန်တော်တို့ တွံတေးမြို့နယ် ကန်ပဲ့ရွာ ဘုန်းကြီးကျောင်းမှာ ကြောင်မကြီးက ကြွက်ကလေးတွေ နို့တိုက်တာ၊ အဲဒါ ဘာအတိတ်နိမိတ်လဲ" မေးလိုက်တော့၊ မင်းသိင်္ခထက် နှုတ်သွက်တဲ့ ဒေါင်းနွယ်ဆွေက ကောက်ကာငင်ကာ...

"အဲဒါ မန္တလေးမြို့မှာ မီးကြီးလောင်တာပေါ့ဗျ" ဟု ဆိုလိုက်တော့ (အဲဒီသတင်းချင်းကလည်း ရက်ပိုင်းပဲ ခြားတာကိုဗျ) ကျွန်တော်က...

"ဟဲ့ ငနာရဲ့၊ နင့်ဟာ ဘာဆိုင်တုံး။ ဘာကိန်းခန်းနဲ့ ဟောတာလဲ" ဆိုတော့...

"ညောင်ဦးကမ်းပါးပြိုတာနဲ့ စမ္ဗာနဂိုရ်က နွားမကြီးပေါင်ကျိုးတဲ့ ကိန်းပေါ့ အစ်ကိုရဲ့" တဲ့။

"အဲဒါသာ ကြည့်တော့ ကိုယ့်လူတို့။ မေးသမျှအမြန်ဖြေမည်၊ မမှန်ရင် အရိုက်ခံတယ်ဆိုပြီး၊ ဆေးရုံက ဆင်းမယ့် ဗေဒင်ဆရာမဟုတ်ဘူး"ဆိုတော့ လူများ ဝိုင်းရယ်ကြ၏။

ခေတ္တကြာသောအခါ ကျွန်တော့်အနီးတွင် ထိုင်သော လူတစ်ယောက်က ဘာစိတ်ကူးရလာပြန်သည်မသိ။ ကျွန်တော့်အား...

"ဆရာ ဒေါင်းနွယ်ဆွေနဲ့တိုင်းရင်းမေ မမြင့်နွယ်က လင်မယားဆို"

"ဟုတ်ပါတယ် ခင်ဗျ"

ထိုအခါ ထိုလူက ထူးထူးခြားခြား တွေးမိလာ ထင်ပါရဲ့...

"ဒါဖြင့် သူတို့ချင်း သိပ်ချစ်ကြမှာပဲနော်" ဆိုတော့၊ ကျွန်တော်က

mgyoe.com

mgyoe.com
"ဟ လင်မယားပဲ လင်မယားလိုပဲ ချစ်ကြမှာပေါ့ဗျ။ ဘာလို့ အထူးမေးနေရတာလဲ" ဆိုတော့...

"ဒီလို ဆရာရဲ့၊ သူတို့နှစ်ယောက်စလုံးက ကဗျာဆရာ၊ စာရေးဆရာတွေဆိုတော့ လူလူချင်း ချစ်တာအပြင် အနုပညာသည်ချင်း ချစ်တာပါ နှောလိုက်တော့ ကျွန်တော်တို့ သာမန်လင်မယားတွေထက် ပိုချစ်ကြမလားလို့ပါ"

သည်တော့ ကျွန်တော့်စိတ်ထဲ၊ အင်း သူတွေးမယ်ဆိုလည်း တွေးစရာ၊ မေးမယ်ဆိုလည်း မေးစရာ၊ ဤလူသည် ကဗျာစာပေကို လွန်စွာ စိတ်ဝင်စားသူဖြစ်ရမည်ဟု စဉ်းစားမိ၍၊ ကျွန်တော့်နှုတ်ထဲမှာလည်း ရယ်စရာပြောရန်အပေါက်အစ ရလာသဖြင့် ကျွန်တော့် ကျောဘက်၌ နေသော ဒေါင်းနွယ်ဆွေအား...

"ဟေ့ ဒီလူမေးနေတာတွေ ကြားရဲ့လား" ဆိုတော့...

"ကြားပါတယ် အစ်ကိုရဲ့၊ သူ ကျွန်တော်တို့ကို တော်တော်စိတ်ဝင်စားဟန် တူပါရဲ့"

"ဒါဖြင့် မင်းတို့လင်မယား ဘယ်လောက်ချစ်ကြသလဲဆိုတာ ငါပြောလိုက်တော့မယ်နော်"

"ပြောလိုက်စမ်းပါ အစ်ကိုရယ်"

သည်တော့ ကျွန်တော်က ထိုလူအား

"သည်လိုဗျ၊ တစ်နေ့ ကျွန်တော် ဒေါင်းနွယ်ဆွေတို့ အိမ်ရောက်သွားတော့၊ ဧည့်ခန်းမှာ ဒေါင်းနွယ်ဆွေက အပေါက်ဝဘက် ကျောခိုင်းပြီး ကုလားထိုင်ပေါ်မှာ ထိုင်နေတယ်။ သူ့မိန်းမက သူ့ဒူးနှစ်လုံးကြားမှာ ထိုင်လို့ဗျ။ သူတို့ ဘာလုပ်နေကြသလဲ။ ကျွန်တော်ကြည့်လိုက်တော့၊ လား... လား ဒေါင်းနွယ်ဆွေကြီးက မမြင့်နွယ်ခေါင်းသန်းရှာပေးနေတာကိုးဗျ"

ထိုလူက ပြုံးစိစိနှင့် "ဩော်... ချစ်ရှာတာ"

ကျွန်တော်က "ဘယ် ဒီလောက်ကဦးမလဲ။ ဒေါင်းနွယ်ဆွေက ရတဲ့သန်းတွေကို တုပ်မပစ်ဘူးဗျ။ တစ်ကောင်ပြီးတစ်ကောင် သူ့ပါးစပ်ထဲ ပစ်... ပစ်... ထည့်ပြီး၊ တဖြောက်ဖြောက်နဲ့ ဝါးစားနေတယ်၊ ဒီတော့ ကျွန်တော်က 'ဟ... ကောင်ကြီးရဲ့၊ ကိုယ့်မိန်းမကိုယ်ချစ်လို့ သန်းရှာပေးတာတော့ ထားပါ
mgyoe.com

mgyoe.com

တော့။ သန်းတွေ မရှိမရှာ တဖြောက်ဖြောက်နဲ့ ဝါးစားနေတာက ဘာသဘော လဲ။ မင်း ဗေဒင်ဆရာဖြစ်သွားမှ မျောက်စိတ်ပေါက်နေသလား" ဆိုတော့ သူက ဘာပြန်ပြောသလဲသိလား။ 'ဟာ... အစ်ကိုရ၊ သန်းဆိုတာ လူရဲ့ အသွေးအသားက ဖြစ်တာ မဟုတ်လား။ ဒီတော့ ကျွန်တော့်မိန်းမရဲ့ ခေါင်းကသန်းဟာ ကျွန်တော့်မိန်းမရဲ့ အသွေးအသားပေါ့ဗျ။ ဒါကြောင့် ကျွန်တော်က ကိုယ့် မိန်းမရဲ့အသွေးအသားကို မပစ်ရက်လို့ စားနေတာဗျ' တဲ့ ပြန်ပြောတယ်ခင်ဗျ။ မယုံအခုပဲ သူ့မေးကြည့်" လို့ဆိုတော့ ဒေါင်းနွယ်ဆွေကြီးက သဘောကျလို့ ရယ်လိုက်တာလေ။

နို့ပြီး သူက ဘာပြောလဲဆို...

"အစ်ကို့ ဟာသကတော့ ပထမတန်းပဲ။ အဲဒါ တစ်နေရာရာမှာ ထည့်ရေးစမ်းပါ"ဟု ပြောခဲ့ပါသည်။

ကျွန်တော့်စိတ်ထဲမှာလည်း အလျဉ်းသင့်သလို ရေးမည်ဟုအားခဲခဲ့ ရာ၊ ယခု သူကွယ်လွန်၍ သူ့အကြောင်း ရေးမှပင် သူ့ဆန္ဒအတိုင်း ထည့်သွင်း လိုက်ရပါ၏။

ဇဝနဉာဏ်၊ ဟာသဉာဏ်ရှင်သော ကဗျာပညာရှင်ကြီး ဒေါင်းနွယ် ဆွေ၊

ကောင်းရာသုဂတိသို့ လားပါစေ...

(ဝါ)

မြန်မာစာပေမှာ ကဗျာဆရာပြန်၍ ဖြစ်လာပါစေ။

ရွှေမဝရုပ်စုံမဂ္ဂဇင်း

□

mgyoe.com

mgyoe.com

## တက္ကသိုလ် ဘုန်းနိုင်၏ ဝတ္ထုများ

ကျွန်တော်သည် စာရေးဆရာဖြစ်လာခဲ့၍ စာရေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုလာရသောအခါတွင် စာဖတ်ခြင်းနည်း၍ အတွေးနှင့်အရေးမှာ အလေးသာနေရပေသည်။ တစ်ခါတစ်ရံ ဖတ်နိုင်ပြန်လည်း မဂ္ဂဇင်းဝတ္ထုတိုမျှ လောက်သာ ကလောင်သစ်ကလေးများကို အကဲခတ်ရသည်။

ထိုစဉ် 'တက္ကသိုလ်ဘုန်းနိုင်' သည် လုံးချင်းဝတ္ထုရှည်ကြီးများဖြင့် တစ်ပုဒ်ပြီးတစ်ပုဒ် နာမည်တစ်ဟုန်ထိုးကြီးနေသည်။ ဘုန်းနိုင်၏ဝတ္ထုများကို ထုတ်သူ မြစာပေ ကိုသန်းကြွယ်သည် ကျွန်တော်နှင့် မိတ်ဆွေဖြစ်၍ သူ့စာအုပ်များကို မေတ္တာလက်ဆောင်ပေးလေ့ရှိပါ၏။ သို့သော် ကျွန်တော်ကိုယ်တိုင် မဖတ်ဖြစ်ခဲ့။ ကျွန်တော့်ဇနီးနှင့်သားများသာ ဖတ်ကြသည်။ ကျွန်တော့်သားတစ်ယောက်ဆိုလျှင် ဘုန်းနိုင်ဝတ္ထုမှန်သမျှ အဖုံးဖုံး၍ တရိုတသေ သိမ်းဆည်းလေ့ရှိ၏။ သူသည် အခြားစာအုပ်ကို ဤမျှ ဂရုမစိုက်လှ။ ဒီကောင် အဖြစ်သည်းလှသဖြင့် ကျွန်တော့်ဇနီးအား မေးကြည့်သည်။

"ဟေ့ မေ... ဘုန်းနိုင် ဝတ္ထုက တော်တော်ကောင်းသလားကွ"

"ကောင်းတယ်မောင်... ရှိမန်းစ်မှာဆိုရင် ဗမာဝတ္ထုရေးဆရာတွေထဲမှာ မေ သူ့ကို အကြိုက်ဆုံးပဲ"

ကျွန်တော့်ဇနီးသည် စာအလွန်ဖတ်သူဖြစ်၏။ လစဉ် ငွေတာရီ၊ မြဝတီ၊ ရှုမဝ၊ သွေးသောက်မဂ္ဂဇင်းများ သာမက အင်္ဂလိပ်ဘာသာ ဝတ္ထုများကိုလည်း တစ်လလျှင် လေး,ငါးဆယ်အုပ် ဖတ်သူဖြစ်၏။ သူသည် အိမ်အလုပ်ပြီးလျှင် စာအုပ်များနှင့်သာ နေသူဖြစ်၏။ ထို့ကြောင့် သူချီးမွမ်းသော

mgyoe.com

mgyoe.com


စာရေးဆရာကို ကျွန်တော်အထင်မသေးပေ။ တော်ရုံတန်ရုံစာကိုလည်း သူမကြိုက်တတ်ပါ။

"အေးကွာ... စာရေးဆရာကောင်းတစ်ယောက် တိုးတယ်ဆိုတော့ ဝမ်းသာပါတယ်"

"မောင်... ဘုန်းနိုင်ဝတ္ထုတွေကို ဖတ်ကြည့်ဖို့ကောင်းတယ်"

"ဟာ... သူ့ဝတ္ထုကြီးတွေက အရှည်ကြီးတွေကွာ၊ သူ့ဝတ္ထုတွေ ငါဖတ်လို့ မင်းတို့ ထမင်းစားဖို့ရမှာ မဟုတ်ဘူး၊ ငါ့ဟာငါ တွေးနိုင်ရေးနိုင်မှ ပိုက်ဆံရတာ"

သို့ဖြင့် ဘုန်းနိုင်ဝတ္ထုတွေ ကျွန်တော် မဖတ်ဖြစ်ခဲ့။ သို့သော် ဘုန်းနိုင်နှင့် ကျွန်တော် အကြောင်းတိုက်ဆိုင်ချင်လာတော့ လွန်ခဲ့သော ဇူလိုင်လထဲတွင် ကျွန်တော့်ညာလက် လက်သန်းကြွယ်ထိပ်မှာ အနာဖြစ်လာ၏။ အိမ်က ကြက်ကိုလိုက်ဖမ်းရင်း ခြံစောင်းရင်းက သံကြိုးဆူးလိမ်စူးလိုက်ခြင်း။ အစကဘာမျှမဖြစ်လောက်၊ လက်ထိပ်မှာ သွေးစို့ရုံလောက်ကလေးမို့ ကျွန်တော် ဂရုမစိုက်ခဲ့။ သုံးရက်လောက်ကြာတော့ လက်သည်းရောင်ကိုင်းလာပြီး အတွင်းမှာ ပြည်အောင်းလာတော့၏။

သည်တော့ လက်သန်းကြွယ်အပေါ်မှာ ဖောင်တိန်တင်ရေးလေ့ရှိသော ကျွန်တော် စာမရေးနိုင်တော့ပြီ။ ဒီတော့မှ အနာကိုကုရင်း "ကိုင်း လာစမ်းဟေ့ ဘုန်းနိုင်" ဟု ကျွန်တော့်သားစာအုပ်တွေကို ဆွဲဖွင့်ကာ အပေါ်ဆုံးမှာ တွေ့သော 'သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် ခိုင်' ဝတ္ထုကို ထုတ်ယူလိုက်တော့သည်။

"အင်း စာအုပ်က အထူကြီး၊ စာမျက်နှာ ၁၄ ပွိုင့်နှင့် ၅၀၀ ကျော်၊ တော်တော် အောင့်အည်းဖတ်ရမှာပဲဟု စိတ်ထဲအောက်မေ့မိ၏။ သို့သော် ပထမတစ်ခန်းကပဲ ဘုန်းနိုင်သည် ကျွန်တော့်ကိုဆွဲခေါ်လေရာ စာအုပ်ကို လက်ကမချနိုင်ဖြစ်တော့သည်။ ပထမနေ့ မနက်ကစဖတ်... နံနက်စာစား၊ တစ်ရေးအိပ်ပြီး ဆက်ဖတ်... နောက်နေ့နံနက် ၃ နာရီလောက်ထဖတ် မိုးသောက်သော် ဝတ္ထုဆုံးသွားလေ၍ သားနှင့်မယားရှေ့မှာပင် ပြောရသည်။

"ဘုန်းနိုင်ဝတ္ထု မင်းတို့ ကြိုက်ကောင်းပါတယ်ကွာ၊ ကောင်းတယ်၊ ဘဲရိုးဂွတ်ရီမန်းစ်... မြန်မာစာရေးဆရာထဲမှာ ပင်ကိုယ်ရေး ဒီလောက်ကောင်း

mgyoe.com

တာ ရှားပါတယ်"

'ရိုမန့်စ်' (Romance) ဆိုသော အင်္ဂလိပ်စာလုံးကို ကျွန်တော် ပြည့်စုံအောင် အဓိပ္ပာယ်မပြန်နိုင်ပါ။ အကြမ်းအားဖြင့် 'အချစ်အလွမ်း' ပဲ ဆိုပါစို့၊ ထို'သူငယ်ချင်းလို့ပဲ ဆက်၍ ခေါ်မည် ခိုင်'ဝတ္ထုမှာ ဤရသနှင့် ပြည့်စုံပါပေ၏။

ကျွန်တော် ဒုတိယဖတ်သည်မှာ 'ဤမြေမှသည်' ဝတ္ထု။ ထိုဝတ္ထုကို ကျွန်တော် 'ခိုင်' ဝတ္ထုထက်ပင် ကြိုက်လိုက်ပါသေး၏။ 'ခိုင်' ဝတ္ထုမှာထက် ရင့်မာသော ဘဝအတွေ့အကြုံတွေပါလာသည်။ သူ့ဇာတ်ကောင်တွေမှာ ပီသ၏။ ခိုင်မာ၏။ ဘုန်းနိုင်ကလောင်သည် ဇာတ်ကြောင်းကို နိုင်နင်း၍ ရဲရင့်လှပါ၏။ ဤနှစ်အုပ်ကို ဖတ်ပြီးသောအခါ၌ ကျွန်တော် လွန်စွာနှစ်ထောင်းအားရရှိလှ၍ စာပေကောင်းတွေ့လျှင် တစ်ဦးကို တစ်ဦးမပြောရ မနေနိုင်သော အစ်မကြီးခင်မျိုးချစ်နှင့် ဦးခင်မောင်လတ်ဆီသို့ တယ်လီဖုန်းနှင့် အကြောင်းကြားလိုက်လေသည်။

"ဟေ့ ဘုန်းနိုင် ဝတ္ထုလား၊ တို့မဖတ်ဖူးသေးဘူးကွ၊ အေး မင်းက ကောင်းတယ်ဆိုရင် ညံ့မယ်မဟုတ်ပါဘူး၊ ပို့လိုက်ကွာ၊ စာကောင်းကောင်း ဆိုရင် တို့လည်းဖတ်ချင်ပါတယ်"

ကျွန်တော်သည် 'ခိုင်'ဝတ္ထုနှင့် 'ဤမြေမှသည်' ကို သူတို့ဆီပို့လိုက်၏။ လေးငါးရက်မျှအကြာ၌ လင်မယားနှစ်ယောက်ဆီက အကြောင်းပြန်လာသည်။

"ဘုန်းနိုင်ဝတ္ထုတွေ ကောင်းတယ်ကွာ၊ ဖတ်မိရင် လက်က မချချင်ဘူးဟေ့၊ တို့တောင် ဒီလောက်စွဲတာ လူငယ်တွေဆိုရင် မပြောနဲ့တော့၊ 'ဤမြေမှသည်' ဝတ္ထုကတော့ အင်္ဂလိပ်လိုတောင်ပြန်ဖို့ကောင်းတယ်ကွ၊ မင့်အစ်မကြီးက ပြန်မယ်ပြောတာပဲ၊ နောက်ထပ်ဘုန်းနိုင်ဝတ္ထု၊ မင်းဆီမှာရှိရင် ပို့လိုက်ဦးကွာ"

ဤအချိန်၌ ကျွန်တော့်သား သေတ္တာထဲ ရှာတွေ့သည်မှာ ဖော်ပြပါ နှစ်အုပ်အပြင် 'လွမ်းတေး မဆုံးစေနှင့်စောသခင်'၊ 'ကမ္ဘာကုန် ကျယ်သရွေ့ဝယ်'၊'နွေကန္တာဦး'၊ 'သူ့ကျွန်မခံပြီ'၊ 'စိမ်းနေဦးမည့် ကျွန်တော့်မြေ' တို့ ဖြစ်ပါ၏။

ကျွန်တော်သည် ဤ ၇ အုပ်ကို ဖတ်ပြီးနောက် ဤစာကို ရေးချင်

mgyoe.com

mgyoe.com

စိတ်ပေါ်လာ၍ ရေးလိုက်ခြင်းဖြစ်ပါ၏။

× × ×

ဘုန်းနိုင် ဝတ္ထုတွေမှာ ပထမအကြိမ်ဆိုလျှင် သောင်းချီ၍ ရိုက်ရသည်။ နောက် ၄၀၀၀–၃၀၀၀ လောက်တွေ၊ စတုတ္ထအကြိမ်၊ ပဉ္စမအကြိမ် အထိ ရိုက်ရတတ်သည်။ ထို့ကြောင့် ဘုန်းနိုင်ဝတ္ထုတွေကို စောင်ရေ ၃၀၀၀၀ (သုံးသောင်း) အထိ ရှိသည်ဟု ပြောနိုင်သည်။ နှစ်ကျပ်တန် မဂ္ဂဇင်းစောင်ရေတွေထက်ပင် များနေသေးသည်။

ဘာကြောင့် ဤမျှရောင်းရပါသနည်း။

သူ့ဝတ္ထုတွေ လူကြိုက်များလို့သာပေါ့။

ဘာကြောင့် များပါသနည်း။

မြန်မာပြည်၌ ဝတ္ထုရောင်းကောင်းဖို့မှာ အများအားဖြင့် မြီးကောင်ပေါက်တွေအကြိုက်ဖြစ်ရမည်။ ဘုန်းနိုင်ဝတ္ထုတွေကို မြီးကောင်ပေါက်အကြိုက်ဟု ကျွန်တော်ယုံကြည်သည်။ ထို့ကြောင့် သူ၏ 'သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် ခိုင်' ဝတ္ထုကို ဆွဲကိုင်လိုက်တော့ မြေးနှင့်ဘာနှင့် အဘိုး–အဘ အရာရောက်နေပြီဖြစ်သော ကျွန်တော့်လို မွေးခေါင်းဖြူကြီးသည် မြီးကောင်ပေါက်တွေ အကြိုက်နှင့် ဖြစ်နိုင်ပါ့မလားဟု အောက်မေ့ပါသည်။ သို့သော် ဝတ္ထုအကြောင်းပျိုးပြီး စာ လေးငါးမျက်နှာအရောက်တွင် 'မောင်' နှင့် 'ခိုင်' မည်သော ဆယ့်ကိုးနှစ်ရွယ် ကလေးနှစ်ယောက်တွေ့ရတော့ ကျွန်တော့်သား မြေးလေးတွေလို သဘောထားမိသည်။ သူတို့လေးတွေ၏ ပြုမူပြောဆိုပုံကလေးတွေကို စိတ်ဝင်စားမိလာသည်။ ဤနှစ်ယောက်သည် ဝတ္ထုအစအဆုံး ခေါင်းဆောင် ဇာတ်လိုက်များ ဖြစ်လေရာ သူတို့လေးတွေ မိုးရေအောက် ရွှံ့ထဲအိုင်ထဲ ဆော့တတ်သော အရွယ်မှစပြီး အချိန်တန် အရွယ်ရောက်၍ ပညာတွေ ပြည့်စုံတတ်မြောက်လျက် ရာထူးဂုဏ်ထူးနှင့်ဖြစ်ကြသည်အထိ ဘုန်းနိုင်၏ အသေးစိတ် ဖော်ပြပုံမှာ ဖတ်၍မငြီးနိုင် ရှိလှပါသည်။ ဤဝတ္ထု၌ ဘုန်းနိုင်သည် ခေတ်သုံးခေတ်ကို ပြသည်။ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ လွတ်လပ်ရေးခေတ် ဤသုံးခေတ်တွင် သူ့ဇာတ်ဆောင်တွေကို ပြုမူလှုပ်ရှားစေရာ၌ ခေတ်အလိုက် အရွယ်အလျောက် လျော်ညီလှပါသည်။

mgyoe.com

"ဘုန်းနိုင်ဝတ္ထုက ဇာတ်ဆောင်တွေ အားလုံးအသက်ဝင်တယ်ဟော့၊ မောင်တို့အိမ်က ထမင်းချက်တဲ့ ဒေါ်စာဥကြီးကအစ သရုပ်ပါတယ်ကွာ၊ ခိုင်တို့အစ်မအပျိုကြီးမြိုင်က မောင့်ရဲ့အစ်ကိုကို ကြိုက်နေတာလည်း မြှုပ်ကွက်ကလေးနဲ့ ပြထားတာကွ၊ မြိုင်က အပျိုကြီးသရုပ်ပီသပါတယ်"

ဤကား ဆရာဦးခင်မောင်လတ်က 'ခိုင်' ဝတ္ထုအကြောင်း ပြောပြခြင်း ဖြစ်ပါသည်။

ခိုင်ဝတ္ထုမှာ 'မောင်' တို့ ညီအစ်ကိုနှင့် မြိုင်၊ ကြိုင်၊ ခိုင်၊ လှိုင် မည်သော ညီအစ်မလေးယောက်တို့ အချစ်သရုပ်ကို ဖော်ပြသည်။ မောင်နှင့်ခိုင်က သူတို့ကိုယ်သူတို့ မသိချင်ယောင်ဆောင်၍ ထားသော တိတ်တခိုးစိတ်က ဤဝတ္ထုဇာတ်လမ်းကို ဦးဆောင်ခြယ်မှုန်းသွားပုံမှာ ပရိသတ် ကျေနပ်လောက်ပါပေ၏။

တက္ကသိုလ်ဘုန်းနိုင်သည် စိတ်ပညာ ဝိဇ္ဇာဂုဏ်ထူးဘွဲ့ကို အောင်မြင်ထားသူပီပီ သူ့ဇာတ်ကောင်တွေ စရိုက်ဖော်ပုံကိုက်ညီလှသည်။

ဤ 'ခိုင်' ဝတ္ထုမှာ ဆယ့်ကိုးနှစ်ရွယ် ကလေးဇာတ်ဆောင်ကလေးတွေက စခဲ့သလို အခြားဝတ္ထုတို့တွင်လည်း ဤအရွယ်ကလေးတွေမှ ဇာတ်ပျိုးပါသည်။ သို့သော် တစ်ပုဒ်နှင့်တစ်ပုဒ် လူငယ်ချင်း မတူကြပေ။ 'ခိုင်' ဝတ္ထုမှာ 'မောင်' က ဆရာဝန်သား၊ 'ခိုင်'က တရားသူကြီးသမီးမို့ ဂုဏ်ရည်အတန်းအစားချင်းတူညီကြသည်။ 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' ဝတ္ထုတွင် 'မလေးနွယ်'က ကြေးရတတ် ဂုဏ်ကြီးရှင်သမီး၊ 'သက်ခိုင်' က ဆွေမျိုးအသိုက်အဝန်းမှ စွန့်ပယ်ထားသော ဆင်းရဲသူ၏သား၊ 'စိမ်းနေဦးမည့် ကျွန်တော့်မြေ' ဝတ္ထုတွင် 'သန့်ဇင်' က ကျွန်းပြန် သူပုန်ကြီး၏သား၊ 'မယဉ်နွယ်' က တောသူကြီးလူတွင်ကျယ်၏ သမီး။ ဤသို့ဇာတ်ဆောင်တွေ တစ်ပုဒ်နှင့်တစ်ပုဒ်မတူကြသလို ဇာတ်လမ်းသွားပုံနှင့် ဇာတ်ဆောင်တွေ စရိုက်ကွဲပြားအောင်လည်း ဘုန်းနိုင်ရေးနိုင်ပါပေသည်။

အချို့သော မြန်မာဝတ္ထုရှည်များမှာ မရှည်သင့်ဘဲနှင့် စာမျက်နှာများအောင်ရေး၍ ရှည်ထားသည်များကို ကျွန်တော်ဖတ်ခဲ့ဖူးပါသည်။ ဘုန်းနိုင်ဝတ္ထုများကား ရှည်သင့်၍ ရှည်ထားသည်များသာ ဖြစ်ပါသည်။ သူ့ဝတ္ထုဇာတ်လမ်း၏ အချိန်ကာလတို့ကလည်း ရှည်လျားပါသည်။ 'စိမ်းနေဦးမည့်

mgyoe.com

mgyoe.com

ကျွန်တော့်မြေ' ဝတ္ထုဆိုလျှင် ဆရာစံသူပုန်မှသည် ယခု ခေတ်အထိ မြန်မာပြည်၏ဖြစ်ပျက်ခံစားရပုံများ ထင်ရှားစွာပါဝင်သည်။ ထို့ပြင် ဘုန်းနိုင်၏ဝတ္ထုတွေမှာ ဇာတ်ဆောင်တွေလည်း အလွန်များလှပါသည်။ ထိုဇာတ်ဆောင်တွေလည်း အချည်းနှီးမဟုတ်၊ သူ့နေရာနှင့်သူ ဇာတ်လမ်းကို သယ်သွားကြပါသည်။

ဘုန်းနိုင် ဝတ္ထုရှည်များထဲတွင် (ကျွန်တော်ဖတ်မိသမျှ) ဇာတ်ဆောင်အများဆုံးနှင့် ခေတ်ကာလအရှည်ဆုံးမှာ 'စိမ်းနေဦးမည့် ကျွန်တော့်မြေ' ဖြစ်၍ ဇာတ်ဆောင်အနည်းဆုံးမှာ 'နွေကန္တာဦး' ဖြစ်သည်။ ဤဝတ္ထုတွင် နုနုငယ်တို့သားအဖနှင့် နှင်းငွေ၊ ဘခက်၊ ညွန့်မေတို့ ၅ ယောက်သာ ခေါင်းဆောင်သွားပေသည်။ ယင်းဝတ္ထု၌ လူငယ်များက နုနုငယ်ကိုစွဲလမ်းပြီး သနားနေကြသလို ဖြူနီကြောင်ကျားတို့၏ နိုင်ငံရေးစက်ကွင်းမိရှာသော ဘခက်သည် နောက်ပိုင်း၌ အမြင်မှန် အနေမှန် အလုပ်မှန်ရလာသည်ကို သတိချပ်ဖွယ်ကောင်းသည်။

ကဲ ဘုန်းနိုင်၏ ဝတ္ထုများဇာတ်အိမ်ဇာတ်ကြောင်းခိုင်၍ ဇာတ်ကောင်များ ပိုင်နိုင်ကြောင်းရေးသားပြီးနောက် သူ၏အရေးအသားကို ဝေဖန်လိုသေးသည်။

ကျွန်တော်သည် အရေးအသား အတော်ကောင်းမွန်နေပြီဖြစ်သော 'ခိုင်' ဝတ္ထုကို စ,ဖတ်မိ၍သာတော်တော့သည်။ အကယ်၍ 'သူ့ ကျွန်မခံပြီ' ဝတ္ထုကိုများ စဖတ်မိပါက ထိုစာအုပ်ကိုကိုင်ပေါက်လိုက်မိပေမည်။ ဘုန်းနိုင်၏ ရှေ့ဦးပိုင်း လက်ရာဖြစ်ပေမည်။ ဝါကျတည်ဆောက်ပုံ အင်မတန်ညံ့ဖျင်းသည်။ 'အား' တွေကို ဘလချေးနမ်း အရမ်းကာရော လျှောက်သုံးထားသည်။ ဥပမာကြည့်ပါ။ သူ့ကျွန်မခံပြီဝတ္ထုစာမျက်နှာ ၄၁ တွင် (ရွှေကြက်ယက်ကျောက်ဆောင်စွန်းအား ဖြတ်လာခိုက် ဝဲလှည့်လျက်ရှိသော ဧရာဝတီမြစ်ရေအား စိုက်ကြည့်နေရာမှ ကွမ်မိုတိုသည် အံ့သြဟန်နှင့် ဗိုလ်သူရိန်အား လှည့်ကြည့်လိုက်သည်)ဝါကျတစ်ခုတည်း 'အား' ၃ ခုဆက်သုံးထားသည်။ ဘယ်လောက်အရုပ်ဆိုးပါသနည်း။

ထို့ပြင် စာမျက်နှာ ၃၈ တွင် (နဂါးရုပ်ကြီးအား ဆေးရေးထိုးနှံထားသည်။) စာမျက်နှာ ၆၂ တွင် (ရှမ်းသည် ထမင်းဆိုင်အား မျက်စိတစ်ချက်

mgyoe.com

ဖေ့အကဲခတ်လျက်) ဟု ရေးသည်။ ယင်းတို့မှာ မှားယွင်းခြင်းပင်ဖြစ်သည်။ စာမျက်နှာ ၇၃ တွင် (တုတ်တစ်ချက်မှာ မိန်းမကြီးတစ်ဦးအနီး ဖြစ်သမျှအား ကြောက်လန့်တကြား မျက်စိသူငယ်နှင့် ကြည့်နေရှာသည့် ၆ နှစ်ရွယ်ကလေး တစ်ဦး၏ ဦးခေါင်းကိုထိသွားသည်။) အဓိပ္ပာယ်ကို စဉ်းစားယူရသည်။

ယင်းသို့ဖြစ်ရသည်မှာ ဘုန်းနိုင်စာရေးကျင့်စက (ကျွန်တော့်စိတ်ထင်) ဇန်းမော်တင်အောင်ဝတ္ထုတွေ ဖတ်၍ နည်းယူဟန်တူသည်။ ဇန်းမော်တင်အောင်သည် အားတွေကို သည်လိုပဲ သုံးတတ်သည်။ 'တော့ကာသာဘဲ' စသည်ဖြင့် 'ဘဲ'တွေကိုလည်း အရမ်းသုံးတတ်သဖြင့် ကျွန်တော်က ဇန်းမော်တင်အောင်အား ကျွန်တော့်ဟာသဝတ္ထုတွေထဲမှာ စာဖြင့်လည်း သရော်ခဲ့သည်။ လူချင်းလည်း (ရင်းနှီးခင်မင်သဖြင့်) 'ဘဲကျီးကန်းကြီး' ဟု နောက်ပြောင်ခဲ့သည်။ ထိုစဉ်က ဇန်းမော်တင်အောင်စိတ်ထဲ မည်သို့ရှိမည်မသိရသော်လည်း နောင် ဖ–ဆ–ပ–လ အစိုးရလက်ထက်မှာ သူနှစ်ရှည်စွာ ထောင်ကျခဲ့ပြီး လွတ်လာသောအခါ၌ "ခင်ဗျား ကျွန်တော့်နံတာ မှန်တယ်ဗျာ၊ ကျွန်တော်ထောင်ထဲရောက်မှ စာတွေများများ ဖတ်ရပြီး၊ စာရေးနည်းသိလာတယ်ဗျ" ဟု ကျွန်တော့်အား ပြောပါသည်။ ထို့နောက်၌ သူသည် စာအရေးအသားကောင်းမွန်လာပေတော့သည်။

ဘုန်းနိုင်လည်း "သူ့ကျွန်မခံပြီ" ပြီးသည့်နောက် နောက်ဝတ္ထုတွေမှာ တဖြည်းဖြည်း ပြေပြစ်လာပေသည်။ သို့တိုင် "စိမ်းနေဦးမည့် ကျွန်တော့်မြေ" ဝတ္ထုစာမျက်နှာ ၁၁၅ တွင် (ပျားသုံးလေးကောင်က ကျွန်တော်တို့လည်ကုပ်ကို တုပ်သည်အားပင် အမှတ်မပြုနိုင်ဘဲ) ဟု တွေ့ရသေးသည်။ ဤနေရာ၌ ဘုန်းနိုင်သည် (လည်ကုပ်ကိုတုပ်သည်ကိုပင်) ဟု ကိုနှစ်လုံးမထပ်လို၍ အထူးဂရုပြု ရေးဟန်တူပါသည်။ စင်စစ်(လည်ကုပ်၌ တုပ်သည်ကိုပင်) ဟု ရေးလျှင် ဖြစ်နိုင်ပါ၏။

ယခု သူနောက်ဆုံးထုတ်ဖြစ်သော "နွေကန္တာဦး" တွင်မူ 'အား' အမှားတွေကို မတွေ့ရတော့ပါ၊ သို့သော် ကျွန်တော်မကျေနပ်သော စာနှစ်လုံးတွေ့နေရသည်။ စာမျက်နှာ ၉၇ တွင် (ငြင်းပယ်စွာ ပိတ်ထားသော ခြံတံခါး)။ ဤကား မြန်မာလိုမဟုတ်၊ အင်္ဂလိပ်စာဖြစ်နေသည်။ ထို့ပြင် (ကျိန်စာသင့်သောအိမ်ကြီး) အင်္ဂလိပ်အသုံးပင်ဖြစ်နေသည်။ မြန်မာလိုက ဤသို့မခေါ်ပါ

mgyoe.com

mgyoe.com
(ခိုက်တတ်တဲ့အိမ်) (ခိုက်သောအိမ်ကြီး) ဟု ရေးသင့်သည် ထင်ပါသည်။ ယင်းသို့ဖော်ပြသည်မှာ အပြစ်ရှာလိုသောစိတ်ဖြင့် မဟုတ်ပါ၊ သူ့ဝတ္ထုတွေသည် အကြိမ်ကြိမ် ပြန်လည်ရိုက်နှိပ်ရသဖြင့် ဤချွတ်ယွင်းချက်များကို ဘုန်းနိုင်သည် ပြန်လည်၍ ပြင်ဆင်စေချင်သောကြောင့် ဖြစ်ပါသည်။

ဥပမာ ဆိုပါတော့၊ "သူ့ ကျွန်မခံပြီ" ကို ဤအတိုင်းထားပါမူ ဘုန်းနိုင် ဝတ္ထုကောင်းလှသည်ဟု ဖတ်ကြသော နောင်စာရေး လက်သင်လူငယ်တို့သည် ဇန်းမော်တင်အောင်ထံမှ ဘုန်းနိုင် နည်းယူမှားသကဲ့သို့ပင် တအားအားနှင့် ကျိုးကန်းတွေဖြစ်ကုန်မှာ စိုးရိမ်ရသည်။

"သူ့ ကျွန်မခံပြီ" နှင့် "လွမ်းတေးမဆုံးစေနှင့် စောသခင်" ဝတ္ထုများမှာ သီပေါမင်းပါတော်မူခေတ်ကို နောက်ခံထား၍ မြန်မာပြည်သားများ ဇာတိသွေးတက်ကြွဖွယ် ရေးသားထားသည်။ လူကြိုက်များသော ဝတ္ထုများဖြစ်ပါ၏။ သို့သော် ဘုန်းနိုင်အား စာကဲခတ်လျှင် ဤဝတ္ထုများဖြင့် မဆုံးဖြတ်သင့်၊ သူ၏စာပေစင်မြင့်တက်ခါစ ခြေလှမ်းသစ်များသာဖြစ်သေးသည်။ "ခိုင်" နှင့် "ဤမြေမှသည်" ဝတ္ထုတို့ကျမှ "သူ့စံချိန်" ကို ရောက်လာပေသည်။ ထို့နောက် ဝတ္ထုများမှာ ဘုန်းနိုင်၏ဘဝ အရင်းအနှီးတွေမှာ ပါလာသည်။ စာရေးဆရာတို့၏ အရေးအကြီးဆုံးသော အရင်းအနှီးမှာ ဘဝအတွေ့အကြုံဖြစ်သည်။ ဘုန်းနိုင်၏ ဘဝအတွေ့အကြုံသည် မည်သည့်အဆင့်အတန်း၌ မည်သို့ကျင်လည်ရသည်ကို သူ့ဝတ္ထုများ၌ တွေ့ရှိနိုင်ပေသည်။

ဘုန်းနိုင်၏ ဝတ္ထုများတွင် ဇာတ်အိမ်ဇာတ်လမ်းခိုင်၍ ဇာတ်ကောင်နိုင်သည်နှင့်အမျှ ရည်ရွယ်ချက်ပို့ဆောင်ချက်တွေပါပေသည်။ သူ့ဝတ္ထုတိုင်းလိုလိုမှာပင် အမျိုးနှင့် တိုင်းပြည်ချစ်ဖို့ ဦးတည်ထားလျက်၊ သင်တန်းဆင်း၊ စာအုပ်ကိုင်၊ စိတ်ကူးယဉ်ကွန်မြူနစ်များကိုတော့ ဖိထားပေသည်။ ထို့ပြင် ဘုန်းနိုင်သည် နိုင်ငံရေးပဋိပက္ခတစ်စုံတစ်ခု ကြုံလာလျှင် တပ်မတော်ဘက်ကသူမားမားဝင်ရပ်သည်။ ဥပမာ၊ 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' ဝတ္ထုတွင် သောင်းကျန်းသူ အထအကြွဆုံးသော ၁၉၄၈–၄၉ ခုနှစ် ရန်ကုန်တက္ကသိုလ်မှာ နိုင်ငံရေးခြေကြားထဲတွင် ကျောင်းသားတွေ အယောင်ယောင်အမှားမှားဖြစ်ကြသည်၌ ဘုန်းနိုင်သည် သူ့ဇာတ်လိုက်တွေကို တပ်မတော်သို့ ပို့ပစ်လိုက်လေသည်။

mgyoe.com

mgyoe.com

ထို့ပြင် ဘုန်းနိုင်ဝတ္ထုတွေထဲက ဇာတ်ဆောင်များသည် သူငယ်ချင်းချင်း အင်မတန်ချစ်ခင်ကြသည်။ တစ်ဦးကိုတစ်ဦး သစ္စာစောင့်ကြသည်။ တတ်သိသမျှ လမ်းညွှန်ကြသည်။ တတ်စွမ်းသမျှ ကူညီကြသည်။ အကျင့်စာရိတ္တကောင်းမွန်ကြသည်။ ပညာကို (ဘာဖြစ်နေနေ) ကြိုးစားသင်ကြသည်။ ယင်းသည်ပင် လူငယ်များအဖို့ ကောင်းသော ဦးဆောင်ချက်ဖြစ်ပေ၏။

ထို့ကြောင့် ဘုန်းနိုင်လို ကလောင်တစ်ချောင်း ကျွန်တော်တို့ စာပေနယ်၌ ထွန်းတောက်လာသည်ကို အလွန်ဝမ်းမြောက်မိပါကြောင်း။ ။

မြဝတီမဂ္ဂဇင်း

□

mgyoe.com

mgyoe.com

## ခရီးကြုံ

၁၉၅၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့က ကျွန်တော်တို့ လင်မယားသည် ကာလ်တန်ရုံမှ 'ပဲရစ်သည်လိုဆိုကို' ဟူသည့် အမေရိကန် ရုပ်ရှင်ကားကို၊ ၃ နာရီခွဲပွဲကြည့်ပြီးနောက်၊ ၆ နာရီလောက်တွင် ပြန်ခဲ့ကြသည်။

သိမ်ကြီးဈေးဘတ်စ်ကားဆိပ်မှ၊ မင်္ဂလာဒုံသွား မော်တော်ကားပေါ်တက်ထိုင်ကြပြီး စံပြမြို့တော်ကြီး၏ အချက်အချာ၊ စံပြဈေးမဟာ၏ စံမတူညစ်ပတ်ပေရေသော ဗွက်အိုင်နှင့် အမှိုက်ပုံ၊ တောင်ကုန်းရှုခင်းတွင် ကုန်စိမ်း၊ ကုန်ခြောက်မျိုးစုံတို့မှ ဖြစ်ပေါ်ထသော ပြိုင်စံရှားအပုပ်နံ့တို့ကို ရှူရှိုက်ရင်း၊ ရုပ်ရှင်ကားထဲတွင် မြင်ခဲ့ရသောပဲရစ်မြို့၏ သာယာလှပပုံ၊ မြို့တော်သူမြို့တော်သားတို့၏ အဝတ်အစားဝင့်ကြွားပုံ၊ အသုံးအစားရက်ရောပုံ၊ အပျော်အပါးထူပြောပုံတို့ကို စိတ်ကူးထဲမှ စားမြုံ့ ပြန်နေစဉ်၊ ကားထွက်ခါနီးမှ အပြေးတက်လာကြသော၊ ကျွန်တော်တို့၏ အနောက်ရှိ ၆ ယောက်ခုံတန်းမှ အောက်ပါစကားတို့ကို ကြားရပါသည်။

မိန်းမသံ (အသက် ၃၀ လောက်ခန့်မှန်းရသည်) "ဟင်... အစ်ကိုကြီးက ဟင်းသီးဟင်းရွက်တွေလည်း ဝယ်လာသကိုး..."

ယောက်ျားသံ (၄၀ ကျော် ခန့်မှန်းရသည်) "အေးဟ... အိမ်ကျ ငါ့ဟာငါ ချက်စားရဦးမှာ တစ်ယောက်တည်းသမားဆိုတော့ ဒီလိုပဲပေ့..."

မ။ "အင်း မတင့်သေတာ ၃ နှစ်ကျော်သွားပြီနော်။ နောက်အိမ်ထောင်ပြုဖို့ မကြံတော့ဘူးလား"

mgyoe.com

mgyoe.com


ကျား။ "ဟာ... တော်ပါပြီကွာ... ကိုယ့်နံဘေး နဘီကလူတွေမြင်ရတာနဲ့ စိတ်ပျက်ပါပြီ။ ဘယ့်နှယ် သူတို့ တစ်နေ့ရှာရတာက... နှစ်ကျပ်ခွဲသုံးကျပ်၊ အဲဒါ သားသမီးတွေနဲ့ဆိုတော့ အငတ်ငတ်အပြတ်ပြတ်ပေါ့ကွာ။ နားကြားရတာကို စိတ်မချမ်းသာပါဘူး။ မနက်မိုးလင်းပြီးဆိုမှဖြင့်၊ ကလေးတွေက... အမေ... အဖေ... ကျွန်တော်တို့ ဘာစားရမလဲ... ကျွန်မတို့ ဘာစားရမလဲ၊ ဆာလိုက်တာ၊ လောင်လိုက်တာလို့... ကိုယ်လုံးတီးကလေးတွေနဲ့ ပူဆာကြတယ်ကွ၊ လူကြီးတွေက ဘာမှအဖြေမပေးနိုင်ကြဘူး၊ မနက်ကများ ငါ့အိမ်နားက မိန်းမဟာ ထမင်းအိုးကလေး တစ်လုံးသာချက်ပြီး ဘာဟင်းမှ စားစရာမရှိလို့၊ ကလေးတွေကလည်း ငိုနေတော့... ငါ့မှာရှိတဲ့ ငါးဟင်းကလေးပေးခဲ့ရသကွ၊ ငါတော့ ဒီမနက်စာ မြို့ထဲကျမှ စားမဟဲ့လို့ဆိုပြီး အူတကြွတ်ကြွတ်နဲ့ လာခဲ့ရတယ်...။

"အဲ မြို့ထဲရောက်တော့... ဆာဆာနဲ့ ကုလားဆိုင်မှာဝင်စားလိုက်တာ တစ်ကျပ်ခွဲကုန်သွားတယ်ဟေ့... ကြည့်စမ်း အစဦးတော့ တစ်ခါပြင် ပြား ၉၀ နဲ့ စားတာကွ၊ ကြက်သားတစ်ပွဲနဲ့ ထမင်းတစ်ပန်းကန်၊ တို့တောသားက တောစား စားတာကိုကွ၊ ဟင်းတော့ လောက်အောင်စားလို့ဖြစ်ပါရဲ့၊ ထမင်းတော့ မဝလို့ဟေ့ နောက်ထပ် ၄ ပန်းကန်ယူရတာ တစ်ပန်းကန်ဆိုတာကလည်း သူတို့မြို့အခေါ် နည်းနည်းကလေးပါကွာ.... စိတ်ရှိလက်ရှိ စားလိုက်ရရင် ၃ လုပ်စာ မရှိပါဘူး... အဲဒါက ၁၅ ပြားကွာ၊ တစ်လုပ်စားငါးပြားကျမနေဖူးလား ဟီ.. ဟီ၊ ငါက အစဦးအဝစား ပြား ၉၀ ဆိုတော့ တို့အရပ်က ထမင်းဆိုင်တွေလို ထမင်းလိုသလောက်အောက်မေ့လို့ ကြိတ်တာ။ လားလား စားပြီးလို့ ကျပ်တန်ထုတ်ပေးတော့ ၁၀ ပြားပြန်မအမ်းတဲ့ပြင် ငါးမူးထပ်တောင်းပါရောကွာ၊ တော်ပါသေးရဲ့... ကိုယ့်မှာ ပိုက်ဆံပါခဲ့လို့ပေါ့ကွ၊ နို့မို့... သောက်ရှက်အကွဲပဲ အင်း"

ထိုဆရာကြီးက သက်ပြင်းကြီးတစ်ချက် ချလိုက်သည်၌ အသက်အစိတ်လောက် ခန့်မှန်းရသော လူရွယ်တစ်ယောက်၏ အသံက...

"ကျွန်တော်တော့ မကြာသေးခင်ကပဲ အဲလိုသောက်ရှက်ကွဲခဲ့ပြီကောဗျာ... တစ်လောက ကျွန်တော့်အိတ်ထဲ ပိုက်ဆံပြတ်တာနဲ့ လက်ဖက်ရည်ဆိုင် မထိုင်ဘဲ နေခဲ့ရတာ ၁၅ ရက်လောက်ဗျ၊ ဒါနဲ့ အဲဒီနေ့ကတော့၊ ပိုက်ဆံလေး

mgyoe.com

mgyoe.com
၃၅ ပြားရှိလို့၊ လက်ဖက်ရည်ဆိုင်ဝင်ပြီး လက်ဖက်ရည်တစ်ခွက်နဲ့ အီကြာကွေးတစ်ခု စားလိုက်ပါတယ်… လားလားဗျာ… ပြီးလို့ ပိုက်ဆံလည်းပေးရော ၁၀ ပြား လိုသေးတယ်'တဲ့ဗျ၊ ကျွန်တော် အံ့အားသင့်ပြီး 'ဘယ့်နှယ်လက်ဖက်ရည်တစ်ခွက်တစ်မတ် အီကြာကွေးတစ်ခု ၁၀ ပြား မဟုတ်ဘူးလား'ဆိုတော့ မဟုတ်ဘူးတဲ့ဗျ၊ ခုတစ်လော နို့ဆီသကြားရှားလို့ လက်ဖက်ရည်က ပြား ၃၀ တဲ့၊ အီကြာကွေးက ဂျုံဈေးတက်သွားလို့ ၁၅ ပြားတဲ့ဗျ၊ ကျွန်တော့်မှာ မရှိလို့ပါဗျာ၊ နောက်တစ်ခါတော့ပေးပါ့မယ်။ အသနားခံခဲ့ရတယ်ဗျ"

ပထမလူကြီးအသံ…

"အေးကွာ… တို့ပိုက်ဆံရှာလို့သာ ပိုမရတာ အစားအသောက်ဈေးတွေက တက်လိုက်တဲ့ဖြစ်ခြင်း၊ လွန်ပါရော အခုကြည့်စမ်း၊ ဟောဒီပဲသီးစဟာ ပြား ၂၀–ကွ၊ ငါအစဦး ငါးပုပ်ခြောက်ဝယ်မယ်လို့ မေးကြည့်သေးတယ်၊ ဟောဒီလောက်ရှိ အတစ်က သုံးမတ်ဆိုတာနဲ့၊ ဟင်… မယူတော့ဘူး၊ ငါးပိစိမ်းစားပဲ တစ်မတ်ဖိုး ဝယ်ခဲ့တော့တယ်။ အခုညစာတော့ ပဲသီးကြော်နဲ့ ငါးပိဖုတ်ဆီဆမ်းကလေးနဲ့ တော်ပြီကောကွာ၊ ကိုယ်မနက်စာ အကောင်းစားခဲ့ပြီပဲ… တောက်၊ ကုလားဆိုင် ကြက်သားဟင်းဟာ သိပ်ကောင်းတာပဲဟေ့၊ သူတို့ချက်ပုံက တို့ချက်သလိုမဟုတ်ဘူးဟ၊ ခရမ်းသီးအနှစ်နဲ့ မဆလာနဲ့ မွှေးပြီး ဟင်းရည်ပျစ်နေတာပဲကွ။ တောက်– ငါမနက်က ကုလားဆိုင်ထမင်းစားတော့ ဟေ့၊ မယ်စိန်နှယ်… ငါနင်တို့အစ်မ သွားလေသူကို သတိရလိုက်တာဟယ်"

ချောင်းတစ်ချက်ဟပ်၍ တံတွေးထွေးလိုက်ပြီး…

"နင့်အစ်မ မတင့်မသေခင် တစ်နှစ်ကပေါ့ဟယ်၊ ငါတို့လင်မယား အင်းစိန်ကနေ ရန်ကုန်လာရင်းနဲ့ ဖရေဇာလမ်းက… ကုလားဆိုင်တစ်ဆိုင်မှာ ထမင်းစားကြတာ… နှစ်ကျပ်တစ်မတ်ကျတယ်ကွ၊ အဲဒီအချိန်က အခုလောက် ဈေးတွေမကြီးသေးဘူး၊ အဲဒါ ငါးကျပ်တန် ပေးလိုက်တာကို… ဆိုင်မှာစားတဲ့ လူတွေကလည်း များတော့ ကုလားမျက်စိမှားပြီး ငါးကျပ်တန်ကို ဆယ်တန်မှတ်လို့ ခုနစ်ကျပ်မတ်တင်း ပြန်အမ်းရောဟေ့ အဟားဟားဟား။ မင်းအစ်မဖြင့် ပိုက်ဆံယူရင်း လက်တွေဘာတွေတုန်လို့ ဘာရမလဲ ငါက အမြန်သူ့လက်ဆွဲပြီး လစ်ခဲ့တာပေါ့ကွ၊ သူမိန်းမသာ မပြောနဲ့ဟေ့… ငါတောင်ကုလားက သတိရလို့လိုက်များ လာလေမလားလို့… ရင်ထဲတဒိတ်ဒိတ်နဲ့ကွ၊ ဖြတ်လမ်းတစ်ခုထဲ
mgyoe.com

ကွေ့လိုက်တော့မှပဲ တို့လင်မယားနှစ်ယောက်သား သက်ပြင်းကြီးချလိုက်ပြီး စိတ်အေးသွား တော့တယ်... အဟား... ဟား အင်မတန်ရခဲတဲ့ ပိုက်ဆံမျိုးလားကွာ... ဒါနဲ့တို့ ဆူးလေဘုရားဖူးပြီး ပန်းတွေ၊ ဆီမီးတွေ ကပ်ခဲ့ကြတယ်ကွ၊ ငါးမူး ဖိုးလောက်တော့ ကုန်လိမ့်မယ်။

"ဒါနဲ့ ဆက်ပြောရဦးမယ်... ငါတို့လင်မယား အဲဒီနေ့က ရတနာပုံဆိုက်လိုက်ပုံများမတော့၊ ဘုရားက လက်ငင်းအကျိုးပေးတာပဲဆိုရမယ်ကွ၊ တို့အပြန်ကျတော့လေ ဘတ်စ်ကားပေါ်မှာ တို့ရှေ့ထိုင်ခုံက မိန်းမကြီးဟာ ဘတ်စ်ကားခ ထုတ်ပေးရင်းနဲ့ သူ့အိတ်ထဲက ဆယ်တန်တစ်ရွက်၊ ငါးကျပ်တန်တစ်ရွက် ခေါက်ရက်ကလေးတွေ ခုံအောက်ကျတယ်ကွ၊ သူမသိဘူး၊ ငါတို့လင်မယားကမြင်တော့ နှင့်အစ်မဆိုတာများ ကိုယ်ကိုဆတ်ဆတ်တုန်လို့ဟော့ သူ လှမ်းကောက်ချင်နေတာ... ဒါပေမဲ့... ဒီလိုသွားကောက်လို့ ဘယ်ဖြစ်မလဲကွ၊ ငါက သူ့အသာလက်ကုက်ထားပြီး၊ ခြေထောက်နဲ့ အောက်ကနေလှမ်းဆွဲယူပြီး၊ ကိုယ့်ခုံအောင်မှာ အိန္ဒြေမပျက် ဖိထားလိုက်တယ်... နောက်နဘေးကအရိပ်အခြေ ကြည့်ပြီးတော့မှ ကိုယ့်ခြေခုံကို ကိုယ်ကုတ်သလိုနဲ့... လက်ထဲကျစ်ကျစ်ပါအောင် ဆုတ်ယူထားလိုက်ပြီး၊ ရှေ့မှတ်တိုင်လည်း ရောက်ကရောဟော့ မြေနီကုန်းမှာပဲရှိသေးတယ်... အင်းစိန်လက်မှတ်ယူပြီးနေပေမယ့်... ဘာအရေးလဲကွ၊ တို့လင်မယားနှစ်ယောက် ဆင်းလိုက်ကြရော၊ တောက် ငါတို့ တစ်သက်မှာ တစ်နေ့တည်း ငွေ ၂၀ အလကားရတာတော့ တစ်ခါမှ မကြုံဖူးသေးဘူး။ နောက်လည်း ကြုံဖူးတော့မှာ မဟုတ်ပါဘူးကွာ အေးလေ၊ ဒီလို အချောင်ရဖို့မပြောနဲ့ ကိုယ့်စွမ်းအားနဲ့ လုပ်လို့လည်း တစ်နေ့တည်း ငွေ ၂၀ ရဖို့ ဆိုတာတော့ အိပ်မက်တောင် မမက်နိုင်ပါဘူးကွာ... အင်း"

ထိုသို့ သူ့ရှေ့ဖြစ်ဟောင်း အောက်မေ့ဖွယ်ကြီးကို ပြောပြီး သက်ပြင်းကြီးချလိုက်သောအခါ၌ သူ့ခုံတန်းတွင် ကျွန်တော်တို့ကဲ့သို့ပင် သူ့စကားကြားနေရသူ လူရွယ်တစ်ဦးက...

"ဦးကြီးက ဘာအလုပ်လုပ်သလဲဗျ"

"စူးဖောက်ဆောက်ထွင်းလွှတိုက် ဆိုတော့ လက်သမားပေါ့ကွယ်"

"ဘယ်မှာလုပ်သလဲ"

mgyoe.com

mgyoe.com

"ဟိုတုန်းကတော့ ကိုယ်တို့ ကန်ထရိုက်နဲ့ တစ်နေ့ ၃ ကျပ် စားရတယ်ကွဲ့၊ အခုတော့ ကန်ထရိုက်လည်းအစိုးရမှာ ဘဏ္ဍာကြပ်လို့ဆိုလား အဆောက်အဦကြီးတွေ တချို့တန်းလန်းနဲ့ လုပ်ထားရလို့ အလုပ်ပြတ်သွားတော့ ကိုယ့်ဘာသာကိုယ်ရှာကြံလုပ်စား နေရတာပဲကွယ်... ဒီလိုပဲ မနက်တိုင်း မြို့ထဲသွား၊ ကုလားတရုတ်တွေဆီမှာ ဘာလေးညာလေး တိုလီမိုလီလုပ်ဖို့ ရှိသလဲမေး၊ တစ်ခါတလေလည်း သုံးကျပ်မျိုး လေးကျပ်မျိုး ရခဲ့တယ်ကွဲ့၊ တစ်ခါတစ်ရံတော့လဲ စရိတ်ကုန်ပြန်ခဲ့ရတာပဲ ရှိတယ်၊ မြို့ပေါ်ပိုက်ဆံ ရှာစားရတာများတယ် ကြပ်သကွယ်၊ ဒါပေမဲ့ ရတဲ့လူများကျတော့ တယ်ရလိုက်သဟဲ့၊ အခုနပြောတဲ့ တို့ကန်ထရိုက်ဆိုတာများ အစိုးရဆီက အဆောက်အဦတွေ လက်ခံလိုက်ရတာ ၃ နှစ်နဲ့ ၅ သိန်းခင်းလောက် ချမ်းသာသွားသတဲ့၊ ပါရမီထူးတဲ့လူလို့ ဆိုရမပေါ့ကွယ်၊ တို့မှာသာ ဘဝကံက ညံ့တော့ တစ်သက်လုံး ဖွတ်ဟာ ဖွတ်ပဲ"

သူ့စကားသံကို ကျွန်တော်တို့ ဤမျှသာ ကြားခဲ့ရပေသည်။ ရှေ့လျှောက်ပြီး ဘာတွေများ ပြောလေဦးမည်မသိ။

ကျွန်တော်တို့ လမ်းထိပ်ရောက်၍ ဘတ်စ်ကားပေါ်မှ ဆင်းခဲ့ကြပြီး လင်မယားနှစ်ယောက် လမ်းလျှောက်ကြသောအခါတွင် ကားပေါ်၌ ထိုလူကြီးစကားတွေ နားထောင်ရင်းပင် ကျွန်တော့်ကို တစ်စုံတစ်ခုပြောရန် နှုတ်ရွနေသော ကျွန်တော့်ဇနီးက...

"ဟီဟိ ဒီလူကြီးနှယ် ရယ်ဖို့ကောင်းသေးတော့၊ သူက လူများပိုက်ဆံအလစ်ဘုံးယူလို့ ရတာများ အားရဝမ်းသာပြောနေလိုက်ချေသေး။ သူ့ကိုယ်ကျင့်တရား မရှိတာပေါ့နော်... မေတို့ဆိုရင် ထမင်းဆိုင်က ကုလားပိုက်ဆံရော၊ ဘတ်စ်ကားပေါ်က အဒေါ်ကြီး ပိုက်ဆံရော၊ ပြန်ပေးမှာပဲ"

မှန်ပေသည်။ ကျွန်တော့်ဇနီး မရွှေမေသည် ထိုနေ့ ရုပ်ရှင်ကြည့်ခဲ့ရာ၌ ၃ ကျပ်တန်းက လူပြည့်နေသည်ကို ကျွန်တော်က ဒီကားနောက်မှ ကြည့်ပါဆိုသည်ကို မရဘဲ ၄ ကျပ် တန်းက ယူခိုင်းသူဖြစ်ပါ၏။

ရှုမဝမဂ္ဂဇင်း

□

mgyoe.com

mgyoe.com

## ကျွန်တော်နှင့် ဆရာကြီးရွှေဥဒေါင်း

ဆရာကြီး၏ ပြတ်သားသော စိတ်ထားကို ပြောရဦးမည်။

"လူတစ်ယောက်ကို အိမ်ပေါ်တင်ပြီး အကြာကြီး ထမင်းအလကား ကျွေးမထားနိုင်ဘူးကွ၊ ငါလည်း သူများအိမ်မှာ ဒီလိုစားမနေဘူး"

ကျွန်တော် နှစ်သက်လက်ခံသော စကားပင်ဖြစ်ပါသည်။ ကိုယ်တွေ့ကြုံခဲ့ရဖူး၍ ဤစကားကို ပို၍နားလည်ပါသည်။ ကက်စဘီခေတ် ကျွန်တော်မြင်းလှည်းမောင်းစားနေရစဉ်၌ အလုပ်လက်မဲ့ လင်မယားနှစ်ယောက် အိမ်ပေါ်ရောက်လာကာ တော်တော်ကြာကြီး ထမင်းကျွေးထားခဲ့ရသည်။

ကျောင်းနေဖက် သူငယ်ချင်းနှစ်ယောက် တွေ့စဉ် ဝမ်းသာကြသည်မှန်သော်လည်း ထုံးစံအတိုင်း တစ်နေ့ရွှေချေသည့်၊ နှစ်နေ့ ငွေချေသည့်၊ နောက်တွင် ကြေးချေသည်မှသည် ချေးချေသည်သို့ ရောက်သွားမည်မှာ ဓမ္မတာပင်တည်း။

ဒီငတိသည် ကျောင်းသားဘဝမှ ဂျပန်ခေတ် ရာဇဝတ်အုပ်ဖြစ်သွား၍ ဂျပန်အပြေး၌ သူအလုပ်ပြုတ်လာသည်ဖြစ်သောကြောင့် ကျွန်တော့်မြင်းလှည်းအလုပ်ကို ဘာအကူအညီမျှမပေးနိုင်၊ ငုတ်တုတ်ထိုင်စားနေသည်သာ။ ကျွန်တော့်မှာ တစ်နေ့တခြား စိတ်မချမ်းသာဖြစ်လာကာ နောက်ဆုံးတစ်နေ့၌ တယ်ပြီး သောက်လိုက်ကန်းဆိုး မသိသည့် အကောင်ကို ရှင်းရှင်းပဲ ဖွင့်ပြောနှင်ချလိုက်ရပါ၏။ ဟင်း စရိတ်များပဲ ပေးလိုက်ရသေးလေ။

၁၉၄၇ ခုနှစ် ဩဂုတ်လတွင် ကျွန်တော် မရမနေပါဘူးဆိုသော ငွေကို အပြေရ၍ ဆရာကြီး ရွှေဥဒေါင်းအိမ်သို့ အပြီးပြောင်းလာခဲ့သည်။ ကျွန်တော်

mgyoe.com

mgyoe.com

ဆရာကြီး၏ အိမ်သားတစ်ယောက် ဖြစ်သွားပြီဟု ကျွန်တော် ယခင်လက ဖော်ပြခဲ့သည်။

ယင်း၌ ကျွန်တော် သူများအိမ်မှာ ကြာရှည်စွာ ထမင်းအလကားစား နေဖို့ မရည်ရွယ်ပါ။ ကိုယ့်ငွေမရမနေဘူး၊ အတင်းတက်နေခဲ့တာတော့ ခြွင်းချက်ထားပါလေ။ ယခု ဤငွေနှစ်ထောင်ကျော်မှ နည်းနည်းစီလီယူသုံး ဟာ နုတ်လိုက်တော့ ငွေ ၁၉၀၀ ဝိ ရခဲ့သည်။ ဒီငွေနှင့် အလုပ်တစ်နည်းတစ်ဖုံ လုပ်၍ ဆရာကြီးအိမ် ထမင်းလခသော်လည်းကောင်း၊ အခြားတစ်နည်းတစ် ပုံဖြင့်လည်းကောင်း တန်ရာတန်ဖိုး ပေးစားမည်ဟု ရည်ရွယ်ရင်း ရှိပါသည်။

သို့သော် ဤအထိမရောက်ပေ။ ဆရာကြီးဆီမှာ ကျွန်တော့်အတွက် အလုပ်က အဆင်သင့်ရှိနေပေသည်။ အသို့ဟူမူ ဆရာကြီးသည် စာရေးရာ ၌ ကိုယ်တိုင်မရေး၊ နှုတ်မှရွတ်၍ တပည့်တစ်ယောက်က လိုက်ရေးရသည်။ ဤအချိန်မှာ ပြည်ညွန့်ကိုဘသောင်းသည် (ယခု လုပ်သားပြည်သူ့နေ့စဉ်၌) တစ်လ ၆၀ ကျပ်နှင့် ဆရာကြီးထံမှာ စာလိုက်ရေးနေသည်။ တစ်နေ့ ၂ နာရီမျှ ရေးရသည်။ စင်စစ်ကိုဘသောင်းသည် လိုစဉ်ထုတ်လျက်ရှိသော ပြည်ညွန့် မဂ္ဂဇင်းအယ်ဒီတာဖြစ်၍ သူ့မှာလခရှိပါသည်။ ဆရာကြီးထံ သူလိုက်ရေးနေ သည်ကတော့ ဘာသာပြန်နှင့် ရေးဟန်ကို လိုချင်၍ဖြစ်ပေသည်။ ဆရာကြီး ကလည်း လူတစ်ယောက်ကို အလကား မကျွေးသည့် နည်းတူအလကား မခိုင်းဘူးဟူသော ဝါဒဖြင့် တစ်လ ၆၀ ကျပ် ပေးနေခြင်းဖြစ်သည်။

ယင်း ကိုဘသောင်းအလုပ်ကို ကျွန်တော်ရပေတော့သည်။ ကျွန်တော် ဒီအလုပ်လုပ်ရတော့ ဝမ်းသာလိုက်တဲ့ ဖြစ်ခြင်း။ ကျွန်တော့်လို စာရေးသင်စ ကလောင်ပေါက်စသည် ဒီလိုဆရာကြီးထံ၌ စာလိုက်ရေးရသည်ဆိုတော့ မည်မျှ ကောင်းမွန်သော အခွင့်အရေးကြီးပါလဲခင်ဗျာ။

ကျွန်တော်သည် ဆရာကြီးနှင့်မတွေ့မီ ရန်အောင်ရတနာနှင့် ဘရန်ဒီ တစ်ပုလင်းဝတ္ထုကို ရေးခဲ့ရာ အကြောင်းအရာ ဇာတ်ကွက်ဇာတ်လမ်း အပြည့် အစုံရှိပါလျက် အရေးအသားမှာ မည်မျှခက်ခဲကြောင်း၊ ကျွန်တော့်ဟာ ကျွန်တော်သိပါသည်။ ဤဝတ္ထုတို့၏ စာမျက်နှာတို့ကို ဘယ်နကြိမ်ဘယ် နခါပြန်ရေးခဲ့ရသည်ကိုပင် မမှတ်မိတော့ပါ။ ကျွန်တော်တို့ ကျောင်း၌သင် ခဲ့ရသော စာတို့မှာ ဝတ္ထုရေးနိုင်လောက်အောင် မပြည့်စုံ မကျွမ်းကျင်ပါ။

mgyoe.com

mgyoe.com

ကျောင်းစာမေးပွဲ အောင်ရုံမျှလောက်သာ တတ်စွမ်းပါသည်။ တစ်နည်း စာမေးပွဲ စစ်ဆေးသူတို့ ကျေနပ်လက်ခံရုံလောက်သာပါ။ ဝတ္ထုဖတ် ပရိသတ်နှစ်သက်လောက်အောင် မတတ်စွမ်းပါ။

ကျွန်တော်သည် ဆရာကြီးထံ၌ သူရဲကောင်းသုံးယောက် (ဘာသာပြန်) ဝတ္ထုက ကိုဘသောင်းလက်စကိုဆက်၍ ရေးခဲ့ရသည်။ ဆရာကြီးသည် ဆေးတံကိုခဲလျက် မူရင်းစာအုပ်ကိုင်ကာ လမ်းလျှောက်ရင်း နှုတ်မှ ဝါကျတို့ကို ရွတ်ဆိုပြသည်။ ကျွန်တော်က လိုက်ရေးရသည်။ ထို့နောက် (မှီးသော) ဝတ္ထုတိုတို့ကို လိုက်ရေးရပြန်သည်။

စာရေးဆရာပေါက်စတစ်ယောက်အဖို့ ဒီလိုအခွင့်အရေးများ ဘယ်သူရခဲ့ဖူးပါသလဲဗျာ၊ ဆရာကြီးသည် ကျွန်တော့်အား ထမင်းကျွေး၍ ဤသို့ လိုက်ရေးခိုင်းနေခြင်းဖြစ်သည်။ စင်စစ် ဤသို့ လိုက်ရေးခွင့်ရသဖြင့် ကျွန်တော်က ဆရာကြီးအား စာရေးပညာသင်ပေးခပင် ပူဇော်ထိုက်သည်ဟု ယူဆပါသည်။ ကျွန်တော်သည် ဘယ်ဘက်၌ ဘယ်လောက်ပင်ဆိုးဆိုး၊ စာရေးဆရာ ဖြစ်ဖို့တော့ ကံကောင်းသူဟု ထင်မြင်မိပါသည်။ ဘဝအတွေ့အကြုံတွေလည်း ကျွန်တော့်ကို ပေးထားသည်။

ကျွန်တော် စာရေးဆရာဖြစ်စဉ် ငွေဥဒေါင်းက ပြောဖူးပါသည်။ 'ကိုယ့်လူရေးတာ တစ်ခါတလေ ဆရာကြီးလေနှင့်တူသတဲ့။ ပြောမှပြောတတ်ပလေ နှုတ်တိုက်ကို ဒီလောက် လိုက်ရေးလာတာ မတူဘဲ နေနိုင်ပ့ါမလား' ဟု ကျွန်တော့် စိတ်ထဲက ဖြေခဲ့ပါသည်။

ဤသူရဲကောင်းသုံးယောက်ဝတ္ထု ပြီးသောအခါ၌ ကျွန်တော်တို့သည် ဓားတန်းမှ ဂုဏ်တန်ရပ် (လူထုသတင်းစာတိုက်အနီး) သို့ ပြောင်းရွှေ့ခဲ့ကြပါသည်။ ယင်းအခါ၌ ကျွန်တော်တို့အိမ်သားများမှာ ဆရာကြီး၊ ဒေါ်ကြီးစိုး (ညီမ) မသေး၊ ကျွန်တော်နှင့် ဘော်ဘီတို့ဖြစ်ကြပါသည်။

ဘော်ဘီသည် ဆရာကြီး၏ ချစ်လှစွာသော ခွေးဖြစ်ပါသည်။ ခွေးနီကျားမြန်မာမျိုးပေမင့် အတော်ကလေး တတ်သိနားလည်သော အကောင်ဖြစ်ပါသည်။ ဆရာကြီးက လူထုသတင်းစာတိုက်သို့သွားလျှင် တုတ်သော်လည်းကောင်း၊ စာအုပ်သော်လည်းကောင်း ကိုက်၍ လိုက်ပေးတတ်ပါသည်။

ကဲ... ဘော်ဘီအကြောင်းထက် ကျွန်တော့်အကြောင်းကို ပိုရေးချင်

mgyoe.com

mgyoe.com
ပါသည်။ ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော်ငွေ ၁၉၀ဝိ ရခဲ့သည့်အနက်မှ ဆရာကြီးထံတွင် စာလိုက်ရေးခြင်းဖြင့် ထမင်းစားဖို့ ဖူလုံပြီဖြစ်သောအခါ၌ ငွေ ၉၀ဝိ သာ ခြေစောင့်လက်စောင့်ထားပြီး တစ်ထောင်ကို ဦးမောင်ကြီးထံ ပြန်ပို့လိုက်ပါသည်။ အပြေအကျေ ကြွေးဆပ်နိုင်သည်မဟုတ်ပါ။ သူ့တွက်ကိန်းအရ သူ့ငွေတွေ ကျွန်တော့်အပေါ်များစွာရှိပါသည်။ ကျွန်တော် မငြင်းပါ။ ကျွန်တော် ပေးချင်ပါသည်။ ပေးစရာမရှိပါ။ သို့သော် အကုန်မပေးနိုင်စေကာမူ မိမိတတ်နိုင်သလောက်ပေးရန်ကား တာဝန်ရှိသည်ဟု ယူဆသည့်အလျောက် တတ်နိုင်သလောက် ပေးလိုက်ခြင်းဖြစ်ပါသည်။ ဤငွေတစ်ထောင်မျှသည် ဦးမောင်ကြီးလို သူဌေးတစ်ယောက်အဖို့ သမုဒ္ဒရာထဲရေတစ်ပေါက်ကျသည်မျှလောက်သာဖြစ်ပါသည်။ ကျွန်တော်မပေးဘဲထားလည်းဖြစ်ပါသည်။ သို့သော် ကျွန်တော့်လိပ်ပြာက ကျွန်တော့်ကို ခိုင်းစေပါသည်။ နောင်အကုန်တတ်နိုင်လျှင် အကုန်ပေးရန် တိုက်တွန်းပါသည်။ ယခုသော်ကား ကျွန်တော်လည်း မတတ်နိုင်သေးပါ၊ ဦးမောင်ကြီးလည်း လူ့ပြည်၌မရှိတော့ပါ။ ကဲ... ဒီကြွေးကိစ္စ ဒီမှာပဲရပ်ကြပါစို့။

## လက်ကျန်ငွေ ၉၀ဝိ

တစ်နေ့သ၌ ဆရာကြီးထံ တပည့်လာ၍ခံသော စာပုံနှိပ်တိုက်ပိုင်ရှင်ကလေးတစ်ယောက်နှင့် စကားစပ်မိကြသည်။ ဤပုံနှိပ်တိုက်ပိုင်ရှင် ကလေးသည် သူ့ဘာသာသူ စာအုပ်ကလေးများလည်း ထုတ်လျက်ရှိရာ ဆရာကြီး၏ ဝတ္ထုတစ်ပုဒ်ကို သူ့ပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ရန်ဖြစ်သည်။

ဆရာကြီးက "ငါ့ပင်ကိုယ်ရေး ဝတ္ထုရှည်ကြီးတစ်ပုဒ်ရှိတယ်ကွ။ ဒါပေမဲ့ လက်ကျန်ပုံနှိပ်စာအုပ်က မပြည့်စုံတော့ဘူး။ အကုန်လုံးပြန်ရေးရမှာပဲ"

ကျွန်တော်။ ။"ဦးကြီးဝတ္ထု ဦးကြီး မှတ်မိတယ်မှတ်လား"

ဆရာကြီး။ ။ "မှတ်မိတာပေါ့ကွ"

"ဒါဖြင့် ဦးကြီးကနှုတ်ကပြောလေ၊ ကျွန်တော်လိုက်ရေးမှာပေါ့"

"အေး... ဟုတ်ပြီ၊ တို့ ၃ ယောက် အလုပ်စပ်လုပ်ကြရအောင်လကွာ။ မင့်ဟိုငွေကို စက္ကူဖိုးစိုက်၊ ငါက ဝတ္ထုစိုက်၊ ဒီကောင်က ပုံနှိပ်ထုတ်ဝေဖို့

mgyoe.com

တာဝန်ယူ"

ထိုနေ့ညကပင်စ၍ ကျွန်တော်တို့ အလုပ်စကြသည်။ သူ့ဝတ္ထုကို ဆရာကြီးက နှုတ်မှရွတ် ကျွန်တော်ကလိုက်ရေး၊ နောက်တစ်နေ့ နံနက်မှ ပုံနှိပ်တိုက်ရှင်ကလာယူ စီ–ရိုက်။

ဤဝတ္ထုကား ဆရာကြီးက နှုတ်မှရွတ်၍ ကျွန်တော်က တစ်လုံးတစ်ပါဒ မကျန်လိုက်ရေးခဲ့ရသော 'ရန်ကြီးအောင်' ဝတ္ထုဖြစ်ပါသတည်း။

ကျွန်တော်တို့ ၃ ယောက်သည် တော်တော်ပဲ လောဘကြီးလိုက်ကြ၏။ တစ်ဦးကို ငွေ ၃၀၀၀ စီလောက် မြတ်ကြရန် တွက်ကိန်းထုတ်ကြ၏။ ထို့ကြောင့် စာအုပ် ၃၀၀၀ ရိုက်ပြီးသကာလ အဖိုးနှုန်းမှာ ၃ ကျပ်ခွဲတပ်လိုက်၏။ စင်စစ် ၂ ကျပ်တန်မျှသာ စာအုပ်ကရှိပါ၏။ ထို့ကြောင့် ရောင်းမကောင်းဖြစ်လေသတည်း။

ရန်ကုန်မှာ ရှမဝကို ကိုယ်စားလှယ်ပေးသည်။ မန္တလေးမှာက ဆရာကြီးညီ ရဲရင့်ကိုဘဖေ။

ဤလုပ်ငန်းတွင် ဆရာကြီးသည် မန္တလေးရဲရင့်မှ ငွေမည်မျှ သုံးလိုက်ရသေးသည်ကို ကျွန်တော် မသိပါ။ ရန်ကုန် ရှမဝသို့ပို့သော စာအုပ်ဖိုးများကိုကား ပုံနှိပ်တိုက်ပိုင်ရှင်ကလေးက လာရောက်ယူငင်သွားသည်။ ကျွန်တော်ရန်ကုန်ရောက်သောအခါ၌ တစ်ပြားမှ မရတော့ပါ။ ဒါကြောင့် ကျွန်တော်သည် လက်ကျန်စာအုပ်များကိုတောင်းပြီး အဟောင်းဈေးနှင့် ချပစ်လိုက်ရာ ငွေ ၃၀၀ မျှသာ ရလိုက်ပါတော့၏။

## ပုလင်းဂိုဒေါင်နှင့် ခိုများ

ကျွန်တော်တို့ ဂုဏ်တန်ရပ်သို့ ပြောင်းရွှေ့နေရသော အိမ်မှာ မူလက လူနေသည်မဟုတ်၊ လူထုဦးလှတို့၏ ပုလင်းခွံများနှင့် အခြားပစ္စည်းများသိုလှောင်သော ဂိုဒေါင်လုပ်ထားသည်ဖြစ်၍ ခိုတွေမှာ ရာနှင့်ချီ၍ရှိနေကြပါသည်။ ချေးတွေအမွေးတွေ အညစ်အကြေးတွေမှာ နံစော်၍ နေပါသည်။

ထိုအိမ်မှာ အုတ်သမံတလင်းနှင့် အုတ်နံရံကာသည်။ မျက်နှာကြက်မရှိလေရာ ထုတ်ယောက်တန်းတို့၌လည်းကောင်း၊ အုတ်နံရံပေါ်၌လည်းကောင်း ခိုများ ကူးကလန်ခတ်နေကြသည်။ တအီးအီးညည်းလျက် ချေး

mgyoe.com

mgyoe.com
တဖြစ်ဖြစ်ပါချနေကြသည်။ လူတွေမှာ ခြင်ထောင်အောက်တွင်သာ တုံးလုံးပက်လက်လှဲ၍ နေနိုင်ကြသည်။ ဆရာကြီးမှာ သူ့အိပ်ရာအပေါ်က ထုတ်တွင် ဝါးလုံးရှည်တစ်ခုကို မောင်းတံလိုတင်၍ ကြိုးချည်ကာ ခိုတွေ သူ့အပေါ် တည့်တည့်လာမနားရအောင် ကြိုးကိုဆွဲ၍ဆွဲ၍ ချောက်နေရသည်။

အစဉ်ဒ္ဒ ကျွန်တော်သည် ခိုများမနေနိုင်အောင် ကြံသည်။ ဝါးလုံးရှည်တစ်ခုနှင့် လိုက်လိုက်ရိုက်ချကာ တစ်နေ့လျှင် ၄–၅ ကောင် ကြော်ကြော်စားပစ်သည်။ သို့သော် လူသာပန်း၍ ခိုသားကို ငြီးငွေ့လာခဲ့သည်။ ခိုများကား အနေမပျက်ကြ။ နောက်ဆုံး၌ ဆရာကြီးက "တော်ပါတော့ကွာ တို့... ဒီအိမ်က ပြောင်းဖို့သာ ကြိုးစားပါတော့မယ်" ဆိုသဖြင့် ကျွန်တော် ခိုအသတ်ရပ်လိုက်ရတော့၏။

## ပြည်တော်ပြန်

ကျွန်တော် မန္တလေးတွင်ရှိစဉ် 'ဘရန်ဒီတစ်ပုလင်း' ဝတ္ထုနှင့် 'ဟစ်လို့သာငိုလိုက်ချင်တော့' ဝတ္ထု ရှုမဝမဂ္ဂဇင်းတွင်လည်းကောင်း၊ 'ဒံတျံဒုံ' နှင့် 'မန္တလေး ရွှေခြေကျင်း' ဝတ္ထု မန္တလေးပြည်ညွှန့် မဂ္ဂဇင်းတွင်လည်းကောင်း ပါပြီးနောက် 'မယ်တပ်ကုန်း' ဝတ္ထု 'ဖြူပြာမှုလကျီ' ဝတ္ထုတို့ ရှုမဝသို့ပေးပို့၍ ရွေးချယ်ကြောင်း ပြန်စာများရပြီးသည်၌၊ ၁၉၄၇ ခုနှစ်၊ နိုဝင်ဘာလတွင် သော်တာဆွေ အဖြစ်နှင့် ရန်ကုန်သို့ပြန်ခဲ့လေ၏။

ဆရာကြီးနှင့် ဆရာမြမျိုးလွင်လည်း ကျွန်တော်နှင့် ရထားတစ်စီးတည်း အတူပါခဲ့လေသည်။ သို့သော် ကျွန်တော်နှင့်တစ်တွဲတည်းတော့ မဟုတ်ကြ၊ သူတို့က ပထမတန်းမှဖြစ်၏။ ဤအချိန်တွင် ဆရာမြမျိုးလွင်သည် ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီ၏ အထက်ဗမာပြည် ကိုယ်စားလှယ်ဖြစ်၍ ငွေကြေးရွှင်နေလေရာ ဆရာကြီးအား ပထမတန်း လက်မှတ်ကိုဒကာခံခြင်းဖြစ်ပေသည်။ ဤအချိန်၌ ဆရာမြမျိုးလွင်နှင့် ကျွန်တော်မရင်းနှီးသေးချေ။ နောက်သိကျွမ်းခင်မင်သွားတော့ "ဟာ ဒီလိုဆို အဲသည်တုန်းက မင်း ပါမှန်းသိရင် မင့်အတွက်ပါ ငါ ပထမတန်းလက်မှတ် ယူပေးမှာပေါ့ကွာ၊ မင့်ဆရာကြီးကလည်း ငါ့မပြောဘူးကွ" ဟု နောက်ကြောင်းပြန်ပြောကြပါသည်။

ထိုစဉ်က မီးရထားသည် ညပါ ခုတ်မောင်းခဲ့၍ နံနက်စောစော၌
mgyoe.com

ရန်ကုန်ဘူတာသို့ ဆိုက်လေရာ ထိုမနက်မှာပင် ဆရာကြီးရွှေဥဒေါင်းနှင့် ဆရာကလေး သော်တာဆွေကို ရှမဝဦးကျော်က စတင်တွေ့မြင်ရခြင်းဖြစ်ပေသည်။

ဦးကျော်သည် စကော့ဈေး တိုက်ခန်းပေါ်၌ ဖြစ်လေရာ ကျွန်တော်တို့ ရောက်သည်၌ သူအိပ်ရာက ထစထင်ပါသည်။ သူအပေါ်ထပ်က ဆင်းလာ၍ "မောင်ကျော်ဟာ ကျွန်တော်ပါပဲ" ဟု သူကပြောသည်၌ ကျွန်တော်က "ဒါက ဆရာကြီးရွှေဥဒေါင်းပါ၊ ကျွန်တော်ကတော့ ဘရန်ဒီတစ်ပုလင်းပါပဲ" ဟု ပြောဆိုရယ်မောကြရပါသည်။

ထိုစဉ်က ဦးကျော်တို့သည် ကျွန်တော့်အား မန္တလေးသားဟု အောက်မေ့ကြသည်။ စမ်းချောင်း၌ ကျွန်တော့်သားမယားရှိမှန်းမသိကြသေးချေ။ ဒါနှင့်တင့်တယ်က ကျွန်တော့်အား သူ့အိမ်တည်းရန်ခေါ်၍ ကျွန်တော်က မြို့ပြီးလိုက်သွားသည်။ ကိုယ့်ဖောက်လွဲဖောက်ပြန်မှုကြီးနှင့် မယားနှင့်ယောက္ခမအား မျက်နှာပြန်ပြရန်လည်း ခပ်အမ်းအမ်း ဖြစ်နေတုန်းကိုဗျ၊ ဤစဉ်တွင် ဆရာကြီးကတော့ ကျောက်မြောင်းဦးဘသော်အိမ်မှာ တည်းပါသည်။ တစ်ပတ်မျှနေပြီးသောအခါ၌ ဆရာကြီးမန္တလေးသို့ ပြန်သွားလေသည်။

အမှတ်တရ

ကျွန်တော် မန္တလေး ဂုဏ်တန်ရပ်တွင်နေစဉ်က ဆရာကြီးလင်မယား ဝက်လက် ဘုရားပွဲသွားရာသို့ ကျွန်တော်လိုက်ပါသွားပါသည်။ အပြန်တွင် ရွှေဘိုကလာသော ရထားကို ဝက်လက်ဘူတာမှ စီးရရာ လူအတော်ကြပ်ပါသည်။ ကျွန်တော်တို့တက်သောတွဲမှာ ထိုင်ခုံအလွတ်မရှိတော့။ သို့သော် ခါးမှာ ခြောက်လုံးပြူးနှင့် ရာဇဝတ်အုပ်ဖြစ်ဟန်တူပါသည်။ လူအိပ်နိုင်သော ထိုင်ခုံရှည်ကြီးတစ်ခုလုံးကို သူတို့လင်မယား နှစ်ယောက်သာထိုင်၍ လွတ်သောနေရာ၌ သူတို့၏ သေတ္တာများခြင်းများကိုတင်ထားရာ ဆရာကြီးကလည်း ဗြောက်ကြီးတကားကားနှင့် ထိုလူအနားသို့သွားကာ...

"ဟေ့ ဒါတွေက ဘယ်သူ့ပစ္စည်းတွေလဲကွဲ့"

ထိုလူ။ ။"ကျုပ်ပစ္စည်းတွေပါ"

ဆရာကြီး။ ။"ဒါဖြင့် အောက်ချတန်တာချ၊ စင်ပေါ်တင်သင့်တာ

mgyoe.com

mgyoe.com
တင်လကွာ၊ ဘယ့်နှယ် ဒီလိုထားလို့ဖြစ်မလဲ၊ ဒီပြင်လူထိုင်ဖို့လည်း လုပ်ဦးမှ ပေါ့ကွယ့်"

ထိုလူမှာ ဘာမျှခေါင်းမမာဝံ့ဘဲ၊ ဆရာကြီး ခိုင်းတဲ့အတိုင်း လုပ်ရတော့သည်။ ဒီတော့မှ ဒေါ်ကြီးစိုးနှင့် အောက်တွင် ငုတ်တုတ်ထိုင်နေရသော အခြားအဒေါ်ကြီးတစ်ယောက်အတွက် နှစ်နေရာရသွားသည်။ ကျွန်တော်နှင့် ဆရာကြီးကား တွဲပေါက်သို့ ပြန်ကြကာ ဖုန်တွေမှုတ်ပစ်ပြီး အပေါက်ဝမှာ ခြေတွဲလွဲချထိုင်ကြသည်။

နောက်တစ်ဘူတာ ရောက်သည်၌ ထန်းရေအိုးများ ရောင်းနေတာတွေ့ ရရာ တစ်အိုးဝယ်တင်ခဲ့ပြီး ဆရာတပည့်နှစ်ယောက် ခွက်လှည့်ကြိတ်ကြသည်။

ဤမီးရထားလမ်းတစ်လျှောက် ရှုခင်းမှာ ကွင်းထီးထီးတွင် အလွန် ကြီးသော ချုံဖုတ်ကြီးများ ရှိလေရာ ဆရာကြီးက ကြည်နူးနှစ်သိမ့်စွာ ကြည့်ရှုနေရာမှ...

"ငါ့ရန်ကြီးအောင် ဝတ္ထုထဲက ဗိုလ်မိုးလုံးတို့ စတည်းချကာ ဒီနေရာမျိုး တွေပဲကွ" ဟု ပြောပြပါသည်။ ဤလမ်းခရီးမှာ ဆရာကြီးသည် ငယ်စဉ်က စပြီး အခေါက်ခေါက်အခါခါ သွားခဲ့ဖူးပေမည်။ သူသည် ရှေးဟောင်း နှောင်းဖြစ်တွေ ပြန်တွေး၍ အတော်ပင် ကြည်နူးနေဟန်တူပါသည်။ ထန်းရည် ကလေးကိုသောက်လိုက်၊ ဝက်လက်ကပါလာခဲ့သော ကြက်သားကြော် ကလေးကိုဝါးလိုက်နှင့် ကျွန်တော့်အား ဟိုစကားသည်စကားတွေ ပြောနေ ရာမှ...

"ဟေ့ ဖိုးကျင်မောင်ရ၊ မင်း ငါသေမှလည်းကောင်း၊ မသေမီလည်း ကောင်း၊ ငါ့အကြောင်းရေးမယ်ဆိုရင် တို့ ဒီမီးရထားပေါ်မှာ အခု ဒီထန်းရည် ကလေးတစ်အိုး အတူသောက်ခဲ့ကြတာကိုတော့ မေ့မထားလိုက်စမ်းပါနဲ့ နော်"

## ဆရာကြီးတို့ ရန်ကုန်ရောက်လာပြန်ခြင်း

ဆရာကြီးမောင်နှံသည် ၁၉၅၀ ခုနှစ်၌ ရန်ကုန်သို့ ပြောင်းရွှေ့လာခဲ့ ကြသည်။ ရည်ရွယ်ရင်းမှာ ရန်ကုန်က သတင်းစာတိုက်ကြီးတစ်ခုမှာ အယ်ဒီတာလုပ်ရန်ပင်။ တည့်တည့်ဆိုရသော် ဟံသာဝတီသတင်းစာ၌။
mgyoe.com

သို့သော် မလုပ်ဖြစ်ခဲ့ပေ။ ဟံသာဝတီသတင်းစာပိုင်ရှင် ဗြိတိသျှဘား မားရုပ်ရှင်သူဌေးဦးညွန့်နှင့် ပဲရော့ရုပ်ရှင် သူဌေး ဦးဆန်နီတို့အား တရားပြ ဆရာသာ ဖြစ်သွားခဲ့သည်။ အကြောင်းတစ်ခုခုကြောင့် ဆရာကြီး ရန်ကုန်သို့ ဆင်းလာခဲ့သော ရည်ရွယ်ချက်ကား မကိုက်ခဲ့ပေ။

ထိုစဉ်အခါက ကျောက်မြောင်းသီတာလမ်းတွင် ၃ ခန်းတွဲအိမ် ကလေးကိုမှ ဆရာကြီးတို့က အလယ်ခန်းကလေးကို ငှားနေရသည်။ တနင်္ဂ နွေနေ့ဆိုလျှင် သူဌေးဦးညွန့်က လွှတ်လိုက်သောကားရောက်လာသည်။ ဆရာကြီးလိုက်သွားသည်။ ညနေစားသောက်ပြီးမှ ပြန်ပို့သည်။

ယင်းအချိန်မှာ ဟံသာဝတီသတင်းစာတွင် ဆရာကြီးသည် ဘာသာ ရေး ဆောင်းပါးများလည်း ရေးသားနေခိုက်...။ တစ်နေ့သ၌ ဆရာကြီးထက် အသက်လေးငါးဆယ်နှစ်မျှ ကြီးမည်ဟု ခန့်မှန်းရသော လူကြီးတစ်ယောက် ရည်မွန်သော အဝတ်အစားနှင့် မော်တော်ကားကြီးဖြင့် ရောက်လာကာ ခြံဝင်း ထဲရောက်လျှင် "ဆရာကြီး ရွှေဥဒေါင်းအိမ် ဟုတ်ပါသလားခင်ဗျာ" ဟု မေးပါသည်။

ထိုအချိန်မှာ ဆရာကြီးက အိမ်ရှေ့ကပြင်တွင် ပက်လက်ကုလားထိုင် ပေါ် ထိုင်နေပါသည်။ ကျွန်တော်နှင့် ဒေါ်ကြီးစိုးက အိမ်ခါးပန်းပေါ် ခြေချ ထိုင်နေကြပါသည်။ ဆရာကြီးက "ရွှေဥဒေါင်း ဆိုတာ ကျုပ်ပါပဲ" ဟု ပြောလိုက်သည်နှင့်တစ်ပြိုင်နက် ထိုလူကြီးသည် ၃ ထပ်သောလှေကားကို တက်လာခဲ့ကာ ဆရာကြီးရှေ့မှောက် ဆောင့်ကြောင့်ထိုင်၍ ရှိခိုးပါတော့သည်။

ဤတွင် ဆရာကြီးသည် မနေသာတော့ပါ။ ထိုင်ရာမှထ၍ "မလုပ်ပါ နဲ့ခင်ဗျာ၊ မလုပ်ပါနဲ့ခင်ဗျာ ဦးက ကျွန်တော့်ထက် ကြီးပါတယ်ခင်ဗျာ" ဟူ၍ လက်နှစ်ဖက်ကို ဆွဲမ,သော်လည်း ဦးသုံးကြိမ်ကား ချ၍ပြီးသွားလေ ကာ...

"အသက်နဲ့ မဆိုင်ပါဘူးဆရာ၊ ပညာကို ကန်တော့တာပါ။ ကျုပ် ဟံသာဝတီသတင်းစာထဲက ဆရာ့ဆောင်းပါးတွေဖတ်ပြီး ကြည်ညိုလွန်းလို့ ပါခင်ဗျာ"

သည်နောက်မှ ကျွန်တော်က ထိုလူကြီး ထိုင်ရန် အိမ်ခန်းထဲက ကုလားထိုင်တစ်လုံးကို ယူပေးရပါသည်။ ထို့နောက် သူတို့နှစ်ယောက်

mgyoe.com

mgyoe.com
တရားဓမ္မကို ဆွေးနွေးကြပါသည်။ ပြီးလျှင် ဤလူကြီးက နောက်တစ်နေ့တွင် ဆရာကြီးအား သူ့အိမ်သို့ လာရောက်၍ နံနက်စာ စားသောက်ပါရန် သူ့ကား လွှတ်လိုက်ပါမည်ဟု ဖိတ်ကြားသွားသည်။

ထိုနေ့၌ ကျွန်တော်လည်း ပါသွားလေရာ၊ ကျွေးမွေးလိုက်သည့်ခဲဖွယ်တွေ အယ်ပေါ် လှိုင်နေပေသည်။ ထို့ပြင် ထိုသူကြီးသည် ဆရာကြီး ငှားရမ်းနေထိုင်ရသော အခန်းကလေးကြည့်ခြင်းဖြင့် ဆရာကြီးမှာ ယင်းအချိန်၌ သိပ်ပြီးမချောင်လည်ကြောင်း သိရှိပေမည်။ ပြန်ခါနီး၌ ငွေရာတန်တစ်ရွက်ကို ရှိခိုး၍ ကန်တော့လိုက်ပြန်သေးသည်။

လမ်းတွင် ဆရာကြီးက "ငါ့လခွီးတဲ့၊ ငွေတစ်ရာရတာတော့ နိပ်ပါရဲ့၊ ဒါပေမဲ့ ကိုယ်ထက်ကြီးတဲ့ သူက ရှိခိုးတာတော့ တော်တော်အနေရခက်သကွ"

"ဟင်း ဦးကြီးကလည်း မျက်စိမှိတ်နေလိုက်ပေါ့ဗျ" ဟု ကျွန်တော်က ဝါသနာအတိုင်း ရွှတ်တွတ်တွတ်နှင့် "ဦးကလေးသုံးချက် အချခံရတာနဲ့ ငွေတစ်ရာနည်းလားဗျ" ဟု နောက်မိပါသေးသည်။ "ကျွန်တော်သာဆို ငွေတစ်ရာကို တုတ်နဲ့တောင် သုံးချက်အချခံချင်သေးရဲ့ဗျာ"

ဗြူဟာခင်

တစ်နေ့သည၌ ဆရာကြီးနှင့် ကျွန်တော် စကော့ဈေးထဲလျှောက်သွားစဉ် ဆရာကြီးနှင့်ယှဉ်လျှင် အလွန်ပင် ပုညက်သော လူတစ်ယောက်သည် ဆရာကြီးနှင့် မျက်နှာချင်းဆိုင် တွေ့သည်၌ ဆရာကြီးခါးကို ဖက်ကာ တဆွေ့ဆွေ့ခုန်လျက်...

"ဟော့ မောင်ဖေသိန်း၊ မောင်ဖေသိန်း ဘယ်တုန်းက ရန်ကုန်ရောက်သလဲ"နှင့် ဤလူပုညက်ကလေးက လူကြီးတစ်ယောက်လေသံ ဟန်ပန်နှင့် ဖက်လဲတကင်းပြုလေရာ ကျွန်တော့်မှာကြည့်ရ၊ ကြားရ နားမျက်စိထဲ တစ်မျိုးဖြစ်နေသည်။

ဆရာကြီးကလည်း သူ့အား လေးစားခင်မင်စွာဖြင့်...

"ဟာ ကိုခင်မောင်၊ ကျုပ်ရန်ကုန်ရောက်နေတာ တော်တော်ကြာပြီဗျ"

"ဟင်... ဟုတ်လား၊ မစိုးကောပါရဲ့လား၊ နေကောကောင်းကြရဲ့လား"
mgyoe.com

mgyoe.com

ဤလူကား ဆရာကြီး၏ တစ်သက်တာ မှတ်တမ်းထဲတွင် ပါသော ဆရာကြီး၏ အခင်မင်ဆုံးသော မိတ်ဆွေထဲမှ တစ်ယောက်ဖြစ်သည်။ ဦးခင်မောင်၊ ကလောင်နာမည် ဗြူဟာခင်ဖြစ်ပေသည်။

ဆရာကြီးနှင့် ဦးခင်မောင်မှာ ငယ်ပေါင်းကြီးဖော် သောက်ဖော်စားဖက် ဖြစ်ကြလေရာ ထိုနေ့၌ ကျွန်တော်တို့သုံးယောက် ဘားတွင်ထိုင်ကြ၍ သူတို့နှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြပါသည်။

ထိုအချိန်၌ ဦးခင်မောင်မှာ အသက်ကလည်းကြီး အလုပ်အကိုင်ကလည်းမရှိ၊ သူ့သားအိမ်တွင် ကပ်နေစဉ် သားကလည်း အလုပ်ပြုတ်ခိုက်ဖြစ်ရ ကား အသုံးအစား ကျပ်တည်းနေရှာပေသည်။ သို့သော် သူ့အိမ်သို့ ကျွန်တော်တို့ ရောက်သွားလျှင် တတ်နိုင်သလောက်တော့ ပြုစုရှာပေသည်။

ကျွန်တော် မမေ့နိုင်သော အရာကလေးတစ်ခုကား တစ်နေ့သ၌ ဦးခင်မောင်က သူ့အိမ်မှ ဝက်အူချောင်းကြော်ကလေး ၃–၄ တောင့်ယူလာသည်။ ဆရာကြီးက ချက်အရက်တစ်လုံးကိုဝယ်သည်။ လွယ်အိတ်တစ်လုံးထဲထည့်၍ ကျွန်တော်က ပုလင်းကိုင် ဖန်ခွက်ကိုင်ပေါ့ခင်ဗျာ။

ကျွန်တော်တို့ ၃ ယောက်သည် စထရင်းဟိုတယ်ရှေ့ ဆိပ်ကမ်းကို သွားပြီး ခေါ်တော သမ္ဗန်တစ်စင်းကို တစ်နာရီ တစ်ကျပ်နှုန်းဖြင့်ငှားကာ မြစ်ထဲမှာ လျှောက်ပြီး အရက်သောက်ရင်း ပျော်စရာရွှင်စရာတွေကို ပြောကြပါသည်။ အရက်ကုန်မှ ကမ်းပြန်တက်ခဲ့ကြ၏။

နောက်တစ်ချီ မမေ့နိုင်သေးသည်ကား ဆရာကြီးသည် ရန်ကုန်၌ လ,အတော်ကြာနေပြီးနောက် အလုပ်အဆင်မသင့်၍ မန္တလေးသို့အပြန် သင်္ဘောဆင်းမည့်နေ့၌ ဖော်ပြပါ ငွေတစ်ရာ ကန်တော့ခဲ့သော လူကြီးအိမ်သို့ ဆရာကြီးနှင့် ကျွန်တော် သွားရောက်နှုတ်ဆက်ကြသောအခါ ထိုလူကြီးက ရာတန်တစ်ရွက်ပင် ထပ်မံကန်တော့လိုက်ပြန်ရာ ထိုညနေ သင်္ဘောပေါ်၌ ဆရာကြီးက သူ့ရာတန်ကလေးထုတ်၍ ကျွန်တော်နှင့် ဦးခင်မောင်အား 'နှုတ်ဆက်ပွဲလေး လုပ်ကြဦးစို့' ဟူသော သဘောဖြင့် 'စားချင်တာ သောက်ချင်တာ သွားဝယ်ချေကြပါ' ခိုင်းသည်။

ဦးခင်မောင်နှင့် ကျွန်တော်သည် တရုတ်တန်းသို့ လာကြပြီး ရမ်တစ်လုံးဝယ်သည်။ စားစရာမှာ ဦးခင်မောင် စိတ်ကြိုက် ဘဲကင်တစ်ကောင်ဝယ်

mgyoe.com

mgyoe.com
သည်။ ကျွန်တော့်စိတ်ကြိုက်ကား ဝက်အူနုအူချိုကလေးတခွေကို ဝယ်ခဲ့ရာ ဆရာကြီးက "ဟာ... ဒီကောင် အကောင်းကြိုက် မဆိုးလှဘူး၊ ဒါကို ဘယ်လို လုပ်ပြုတ်ရသလဲကော သိရဲ့လား၊ ရေစပ်စပ်ကလေး ထည့်ပြီး ရေခန်းပြုတ်ရ သကွ"

ဆရာကြီးကို့မှာ သင်္ဘောပေါ်တွင် ချက်ပြုတ်စားသောက်သွားကြရန် ဓာတ်မီးဖိုကလေးပါပါသည်။

ထိုညနေ ကျွန်တော်တို့ ၃ ယောက် ကောင်းကောင်း စားပွဲထိုင်လိုက် ကြသည်။ ည ၈ နာရီသင်္ဘောထွက်ခါနီးမှ ဦးခင်မောင်နှင့် ကျွန်တော် သင်္ဘောပေါ်က ဆင်းခဲ့ကြသည်။ ဆရာကြီးနှင့် ဦးခင်မောင်သည် ထိုသင်္ဘော ပေါ်မှာ နောက်ဆုံး နှုတ်ဆက်လိုက်ရခြင်း ဖြစ်ပေသည်။ ယင်းမှ လ,ပေါင်း များစွာ မကြာမီ ဦးခင်မောင်ကွယ်လွန်ရှာသည်။

ကျွန်တော်ကား ထိုနှစ်သည် ၁၉၅၁ ခုနှစ် ဖြစ်သည်။ နိုင်ငံတော် သင်္ကြန် မန္တလေး၌ ကျင်းပမည်ဖြစ်သောကြောင့် "ဦးကြီး၊ ကျွန်တော် မန္တလေး ကို နိုင်ငံတော်သင်္ကြန်အဖွဲ့နှင့် လာခဲ့မည်" ဟု နှုတ်ဆက်လိုက်ပါသည်။

**ဆရာလွင်အိမ်မှမေမြို့**

ကျွန်တော်၏ ရည်ရွယ်ချက်အောင်မြင်၍ အစိုးရနိုင်ငံတော်သင်္ကြန် အဖွဲ့နှင့် မန္တလေးသို့ ရောက်သွားသောအခါ ဆရာကြီးတို့မှာ ယခင် ဂုဏ်တန် ရပ်က ခိုတွေသတ်မနိုင်သည့်အိမ်တွင် မဟုတ်တော့။ ဆရာမြမျိုးလွင်အိမ် တွင် ခေတ္တနေထိုင်ကြစဉ်ဖြစ်ပါသည်။

ထိုစဉ် ကျွန်တော် နိုင်ငံတော် သင်္ကြန်အဖွဲ့နှင့် လိုက်သွားသည်မှာ စာရေးဆရာ အသင်းအနေက မဟုတ်မူဘဲ ဖဆပလအဖွဲ့နှင့်ရော၍ လိုက် သွားခြင်းဖြစ်ပေရာ မန္တလေး၌ ကိုယ့်ဟာကိုယ် ဝယ်စားဖို့စရိတ် တစ်နေ့တစ် ဆယ်၊ ၆ ရက်အတွက် ၆၀ ကျပ် တစ်ခါတည်း ရသည်ဖြစ်၍ ဤငွေအိတ်ထဲ ထည့်ကာ ဆရာကြီးရှိရာ ဆရာမြမျိုးလွင်အိမ် လိုက်သွားတော့သည်။ အကျိုးအကြောင်းပြောပြတော့ ဆရာကြီးက...

"ငါ့လူ တယ်ဟုတ်ပါလားဟေ့၊ ကဲ မင်းနိုင်ငံတော် သင်္ကြန်အဖွဲ့နဲ့ ပြန်သွားမလား၊ နေဦးမလား၊ ငါတို့တော့ အခါကျော်ရင် မေမြို့တက်နေမယ်
mgyoe.com

mgyoe.com

လို့ စီစဉ်ထားသကွ"

"ကျွန်တော်လည်း ကိစ္စတစ်ခုရှိတာယ်၊ နေဦးမယ်၊ ခု လေယာဉ်လက်မှတ်က အသွားအပြန် ရခဲ့တာကို အပြန်အတွက် ရောင်းဖို့တောင် စီစဉ်ထားပြီ"

ထိုစဉ်တွင် မန္တလေးနှင့် ရန်ကုန်ကို လေယာဉ်ခ ၁၀၅ ကျပ် ရှိရာ ကျွန်တော်က အစိတ်လျှော့၍ ၈၀ ကျပ်နှင့် ရောင်းလိုက်ခြင်းဖြင့် ရှောရှောရှူရှူ ဖြစ်သွားပေသည်။ ထို့နောက်၌ ကျွန်တော်သည် ဆရာကြီးတို့နှင့်အတူ မေမြို့သို့ပါသွားလေ၏။ မေမြို့တွင် တိုက်အိမ်အောက်ထပ်တစ်ခုကို ငှားရမ်းနေထိုင်ကြသည်။

ယင်းအချိန်တွင် အရာရှိတစ်ယောက် အပျင်းပြေ ဘာသာပြန်ထားသော ဆာ ရိုက်ဒါဟက်ဂတ်၏ 'အိုင်ဗရီချိုင်းလ်' ဝတ္ထုကော်ပီ ဆရာကြီးဆီရောက်လာသည်။ ဆရာကြီးကြည့်ရှုပြင်ဆင်၍ သဘောရှိသုံးပါဟု ဆိုထားသည်။ သူ့ဟာပြင်ရမှာက ပရိသတ်ဖတ်ပျော်အောင် အစအဆုံးပြန်ရေးဖို့ပဲရှိတော့သည်။ သူ့မြန်မာစာက ညံ့လွန်းလှ၏။ ယင်း၌ ဆရာကြီးက 'တို့ဆီနေတုန်း ဝင်ငွေကလေးရအောင် မင်းတစ်ဝက် ငါတစ်ဝက်ပြင်ရေးလိုက်ကြစို့ကွာ..."

ဆရာကြီးနာမည်နှင့် ထုတ်ရမည်ဖြစ်ရာ ကျွန်တော်က နမူနာ ၃-၄ မျက်နှာရေးပြပြီး...

"ကဲ ဦးကြီး ဖတ်ကြည့်ဦး၊ ကျွန်တော့်စာအသုံးမကျတော့ ရွှေဥဒေါင်းနာမည်ပျက်နေဦးမယ်" ပြောသဖြင့် ဆရာကြီးက ဖတ်ကြည့်ပြီး "မင်း ငါ နှုတ်တိုက်ပေးတာ လိုက်ရေးခဲ့တာပဲကွာ၊ ငါ့လေနဲ့ သိပ်မကွဲပါဘူး၊ ဖြစ်ပါတယ်၊ ရေးသာရေးပါ" ဆိုသဖြင့် ကျွန်တော်တစ်ဝက်မက ရေးပေးလိုက်ပါသည်။ နောက် ဤ အိုင်ဗရီချိုင်းလ်ဝတ္ထု မန္တလေးရဲရင့်မှ ထုတ်သည်။

ဆရာကြီး၏ နှုတ်တိုက်ကို လိုက်ရေးခဲ့ရသည်မှာ ကျွန်တော့်အဖို့များစွာ အကျိုးထူးလှပါသည်။ ကံကောင်း၍ရတောင့်ရခဲသော အခွင့်အရေးကို ရခဲ့ခြင်းဖြစ်ပါသည်။

## ကျွန်တော်ဘာကြောင့် ဆရာကြီးနှင့် သွားသွားနေပါသနည်း

ဆရာကြီး၏ တစ်သက်တာမှတ်တမ်း တတိယတွဲတွင် '၁၉၅၁ ခုနှစ်

mgyoe.com

mgyoe.com
ဇွန်လတွင် သော်တာဆွေနှင့် ကျွန်ုပ်တို့သည် မေမြို့မှ ဆင်းလာကြသော အခါ ဆရာလွင်အိမ်တွင် မနေတော့ဘဲ ၃၃ လမ်းတွင် တိုက်တစ်လုံးငှား၍ နေထိုင်ကြသည်။ သော်တာဆွေသည် ကျွန်ုပ်တို့နှင့်အတူ တစ်လခန့်ဆက် လက်နေထိုင်ပြီးနောက် ရန်ကုန်သို့ ပြန်သွား၏။ ဤသူငယ်သည် ကျွန်ုပ် ၏ အိမ်၌ သုံးလခန့်နေထိုင်သွားရာ ဘာကိစ္စနှင့် လာသည်ဟု သူကလည်း မပြော ကျွန်ုပ်ကလည်း မမေးချေ' ဟု ရေးသားထားလေရာ ယခု ကျွန်တော် က ပြောပါတော့မည်။

၁။ ဆရာကြီးနှင့် အတူတူနေချင်လို့။

၂။ ဆရာကြီးနှင့်အတူနေပြီး ဆရာကြီးက နှုတ်လိုက်ရွတ်ပြတာကို လိုက်ရေးချင်လို့။

၃။ ဒီလိုလိုက်ရေးပြီးတော့ ဆရာကြီးကမှီးရေးတဲ့ အင်္ဂလိပ်ဝတ္ထုကို ဖတ်လိုက်တော့ ဆရာကြီး မှီးပုံမှီးနည်း ဇာတ်ကွက်ရိုက်နည်းကို တတ်ကျွမ်း ချင်လို့ပေါ့ ဆရာကြီးရေ့။

ကျွန်တော် ပညာယူတာကို သူသူငါငါသိဖို့မဆိုထားနှင့် ဆရာကြီး ဦးစံရှားတောင် မရိပ်စားမိခဲ့ပါတကား။

ကျွန်တော် တစ်ခုပြောချင်ပါသည်။ စာရေးပညာသည် ဆရာက သင်ပေး၍ မရပါ။ တပည့်က ကိုယ့်ဟာကိုယ် သင်ယူတတ်မှ တတ်မြောက် နိုင်ပါသည်။

ကျွန်တော်သည် ဆရာကြီးနှင့်အတူ မေမြို့လိုက်နေခဲ့သည်မှာ ဤ ၁၉၅၁ ခုနှစ်တွင်သာ မဟုတ်သေး၊ ၁၉၅၄ ခုနှစ်မှာ တစ်ကြိမ် မေမြို့တွင် ၂ လမျှနေခဲ့ပြီး နောက်ဆရာကြီး၏ ၃၃ လမ်းအိမ်မှာ တစ်လလောက်နေခဲ့ ပါသေးသည်။

## လမ်းလျှောက်ဆရာကြီး

"ဖိုးကျင်မောင်မှုကား ကျွန်ုပ်နှင့်မေမြို့၌အတူ နေကြစဉ် နံနက်တိုင်း လမ်းလျှောက်လိုက်ဖို့ ကြိုးစားရှာသည်။ ဤတစ်ကောင်လည်း ခပ်ပျင်းပျင်း ရှိသည်။ သို့သော် ကျွန်ုပ်ဆူမည်ကို ကြောက်သည်နှင့် သူ့ဘာသာမထသော် လည်း ကျွန်ုပ်က နှိုးလိုက်လျှင် လူးလဲ၍ ထဖော်ရပေသည်"
mgyoe.com

mgyoe.com


ဆရာကြီး၏ တစ်သက်တာ မှတ်တမ်းတွင် အထက်ပါအတိုင်း ရေးထားပါသည်။ မှန်ပါ၏။ နံနက်တိုင်း စောစောထ လမ်းလျှောက်ရသော အလုပ်သည် မလွယ်ကူပါ။

ကျွန်တော်ပြောပါမည်။ မေမြို့သည် အေးသော ရာသီ၊ နံနက်စောစောကလေးမှာ အလွန်အိပ်၍ ကောင်းပါသည်။ မန္တလေးနွေဥတုမှာ ပူသော ရာသီ၊ ညဦးပိုင်းမှာ ချွေးတလူးလူးနှင့် ၁၁ နာရီကျော်အောင် အိပ်ရသည် မဟုတ်၊ သန်းခေါင်ကျော်မှ အပူသက်သာ၍ အိပ်ပျော်တတ်ပါသည်။ ယင်းသို့ အိပ်၍ အကောင်းဆုံး အချိန်ကလေးမှ ဝအောင် မအိပ်ရဘဲ ထရသည်မှာ သက်သာသော အလုပ်မဟုတ်ပေ။ ဆရာကြီးကား ကျွန်တော့်အားဖိကုတ်၍ နတ်ပြည်တင်၏။ သူနံနက်တိုင်း ၅ နာရီမှာ အိပ်ရာကထ ဘုရားဝတ်ပြုပြီး ကျွန်တော့်အားတုတ်နှင့်တို့၍ တို့၍ နှိုးလေပြီ။

"ဟေ့ကောင် ထကွ... ထ... ထ"

"ဟာ ဦးကြီးကလည်း အိပ်ကောင်းတုန်း အချိန်ကလေးမှ" ကျွန်တော်က ညည်းခဲ့ဖူးပါသည်။ ဒီတော့ဆရာကြီးက...

"ဟေ့ကောင် ငါကမင့်ကို သတ္တိရှိမရှိ ကြည့်နေတာကွ"

"ဘယ်လိုတုန်း ဦးကြီးရ"

"လာကွာ လမ်းကျတော့ ငါပြောပြမပေါ့"

ဒါနှင့် ကျွန်တော် မျက်နှာသစ်ပြီး အောင့်အောင့်ညစ်ညစ်နှင့်ပါသွားရသည်။

"ဟေ့ ဒီမှာ သတ္တိဆိုတာက အရက်မူးပြီးရမ်းရဲတာ၊ သူများကို ထိုးသတ်ရဲတာထက် ကိုယ့်ကိုယ်ကိုယ် နိုင်နင်းမှ သတ္တိအစစ်ခေါ်တာကွ။ အခုမနက်ခင်းကလေးမှာ အလွန်အိပ်ကောင်းတယ်။ ဇိမ်ရှိတယ်ဆိုတာကို ငါသိပါတယ်ကွ။ အဲဒီ မိမိနှစ်သက်တဲ့ အဲဒီဇိမ်ကလေးကို ဖျက်နိုင်တာဟာ သတ္တိကွ။ အဲဒါကလေးကစပြီး ကိုယ့်ကိုယ်ကိုယ်နိုင်တဲ့ စိတ်ဓာတ်မွေးစမ်းပါကွ။ ကိုယ့်ကိုယ်ကိုယ်နိုင်ရင် အစစကို အောင်နိုင်သကွ"

ကျွန်တော့်တွင် မခံချင်သောစိတ်ဓာတ်ကလေး ရှိတတ်ပါသည်။ ကျွန်တော့်အား သတ္တိမရှိဘူး ဆိုတာကို မခံနိုင်ပါ။ ထိုမှစ၍ ဆရာကြီးထ၍ ဘုရားရှိခိုးလျှင် ကျွန်တော်ထ၍ ကိုယ်လက်သုတ်သင်ကာ အဆင်သင့်ဖြစ်

mgyoe.com

mgyoe.com
နေပါသည်။

ဆရာကြီးသည် အဓိဋ္ဌာန်နှင့် လမ်းလျှောက်သမားဖြစ်ပါသည်။ မိုးရွာလျှင်လည်း ထီးနှင့်၊ မိုးကာနှင့် လျှောက်၏။ ဆရာကြီးသည် နာရီနှင့် စား၊ နာရီနှင့်အိပ်၍ နာရီမှန်မှန် လမ်းလျှောက်သူဖြစ်ပါသည်။ ထို့ကြောင့် သူ၏ ကျန်းမာရေးသည် ကောင်းမွန်လှ၏။

လွန်ခဲ့သော အောက်တိုဘာလ ၂၄ ရက်နေ့က ယခု သူနေသော ရန်ကုန် လွစ္စလမ်း တိုက်ခန်းတွင် သူ၏ ၇၅ နှစ်မြောက် မွေးနေ့ဧည့်ခံပွဲ ကျင်းပ၏။ ကျွန်တော်သည် ဆရာကြီးကို တစိမ့်စိမ့်ကြည့်ခဲ့ရာ ၁၉၄၆ ခု မန္တလေး စားတန်းနေအိမ်၌ ၄၆ ခုမှ ၆၄ ခု၊ ၁၈ နှစ်ကြာကာလက တွေ့ရသည်နှင့် မျက်နှာပုံသဏ္ဌာန် အသားအရေတို့မှာ မည်သို့မျှ မခြားနား၊ မျက်လုံးရောင်ကလေး အနည်းငယ် မှိန်သွားသည်ဟုသာ ထင်မြင်မိပါသည်။

သို့သော် ဤလမ်းလျှောက် ဆရာကြီးသည် ဤလမ်းလျှောက်ခြင်းဖြင့်ပင် ချော်လဲ၍ ပေါင်တစ်ဖက်ကျိုးခဲ့ပြီ။ အကုနိုင်၍ ပြန်ဆက်သော်လည်း လက်ထောက်တုတ်မလွှတ်ရသေးပေ။ နောင်လွှတ်ရတော့မည်ဟု မျှော်လင့်၏။

ဒါနှင့် ကျွန်တော်က နောက်သည်။

"လမ်းလျှောက် ဆရာကြီး လမ်းလျှောက်နိုင်သေးရဲ့လားဗျ"

သူက အလျှော့မပေးပေ။

"နောက် မကြာခင် ကောင်းကောင်း ပြန်လျှောက်နိုင်မှာပါကွ။ မင်းစောင့်ကြည့်နေပါ၊ မင်းနဲ့ တောင်ပြိုင်ပြေးလိုက်ဦးမဟေ့"

"ဟား... ဟား ဦးကြီးက လူပျိုသန်တုန်း လူအိုပေါင်ကျိုးလို့ ဆိုချင်သပေါ့"

"ကြည့်သေးတာပေါ့ကွာ"

"ကောင်းပါပြီခင်ဗျာ"

ဤတွင် ဆရာကြီးအား မကြာမီ ကောင်းစွာ လမ်းလျှောက်နိုင်ပါစေဟူသော ဆုတောင်းဖြင့် ကျွန်တော်တို့အကြောင်း ခေတ္တနိဂုံးတံ။

အမှတ် ၅၄၊ ငွေတာရီမဂ္ဂဇင်း၊ ၁၉၆၄၊ ဒီဇင်ဘာလ

□
mgyoe.com

mgyoe.com

## ဆရာမြတ်ထန်၏ စေတနာ

ချယ်ရီမဂ္ဂဇင်း အယ်ဒီတာ ရွှေမြတ်သောင်းတင်က (၆) နှစ်မြောက် နှစ်လည်မဂ္ဂဇင်း အထူးထုတ်အတွက် စာမူ လာတောင်းတော့၊ ကျွန်တော် ဘာရေးပေးရမည်နည်း၊ စဉ်းစားသောအခါ၊ ဤချယ်ရီမဂ္ဂဇင်းကို စတင်ထုတ်ဝေခဲ့သူ စာရေးဆရာ မြတ်ထန်အကြောင်း ကျွန်တော့် ခေါင်းထဲရောက်လာသည်။

သူ့နာမည်အရင်းက ဦးတင်မောင်၊ မြန်မာ့တပ်မတော်မှာ ဗိုလ်မှူးကြီး ရာထူးအထိ အမှုထမ်းခဲ့ပြီး အငြိမ်းစားယူခဲ့သည်။ စည်သူဘွဲ့ရသည်၊ မော်ကွန်းဝင် ပထမအဆင့်၊ နိုင်ငံ့ဂုဏ်ရည်ပထမအဆင့်၊ ဤသို့ အမျိုးမျိုးသော ဂုဏ်ထူးဘွဲ့ထူးတွေရအောင် နိုင်ငံ့အကျိုးကို သယ်ပိုးဆောင်ရွက်ခဲ့ပြီး နောက်ဆုံးမှာ စာရေးဆရာ၊ ချယ်ရီမဂ္ဂဇင်း၏ အယ်ဒီတာချုပ် အဖြစ်နှင့် စာပေဝန်ထမ်းရင်း ၁၉၈၈ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်နေ့တွင် ကွယ်လွန်သွားသည်။ သူ့မွေးသက္ကရာဇ်မှာ ၁၉၁၉ ခုနှစ် ဖြစ်လေတော့ အသက် ၆၉ နှစ်၌ အနိစ္စရောက်သည်။ ကျွန်တော်နှင့် တစ်နှစ်တည်းမွေးပဲ။

ယခု သူမရှိတော့ပြီဖြစ်သော်လည်း သူ့အကြောင်းပြောစရာ ကျွန်တော့်မှာ အနည်းငယ်ရှိနေပါသည်။

စာရေးဆရာမြတ်ထန်ကို ကျွန်တော် စတင်သိရသည်မှာ ‘တိုင်းပြည်ကနုန မုန်တိုင်းကထန်ထန်’မည်သော သူရေးသည့်စာအုပ်က ဖြစ်ပါသည်။ ဤစာအုပ်ထွက်ချိန်မှာ မြတ်ထန်က ကလောင်သဘောလေးပဲ။ အစ်မကြီး ခင်မျိုးချစ်က...

mgyoe.com

mgyoe.com

"ဟော့ကောင်တွေ၊ မင်း မြတ်ထန်ရဲ့ တိုင်းပြည်ကနုနု မုန်တိုင်းက ထန်ထန်ဆိုတဲ့ စာအုပ်ဖတ်ပြီးပလားကွ။"

"ဟင့်အင်း မဖတ်ရသေးဘူး"

"ဖတ်စမ်းကွာ၊ ဖတ်ထိုက်တဲ့စာအုပ်ကွ"

ဒီအဘွားကြီး ဒီလိုပြောရင်ဖြင့် တော်ရုံတန်ရုံ မဟုတ်ပေ။ မှန်ပါ၏။ ကျွန်တော် ဤစာအုပ် ဖတ်ကြည့်သောအခါ သာမန်ဝတ္ထုမျိုးမဟုတ်ပေ။ ကျွန်တော်တို့ မြန်မာပြည်အကြောင်းကို သူ စစ်မှုထမ်းခဲ့သော ဘဝကိုယ်တွေ့တို့ဖြင့် ရိုးသားမှန်ကန် ပွင့်လင်းစွာနှင့် ကိုယ်ရည်သွေးလုံးဝ မပါဘဲ ရေးသားထားခြင်းဖြစ်ပါ၏။ စာဖတ်သူအား စာအုပ်လက်ကမချချင်အောင် ခေါ်ဆောင်သွားနိုင်သော ဝါကျအရေးအသားမျိုးလည်း ရှိ၏။ သည်စာအုပ်ဖတ်လိုက်ရုံနှင့် မြတ်ထန်သည် စာရေးဆရာကောင်း တစ်ယောက်ဖြစ်ကြောင်း ကျွန်တော် အမှတ်သညာပြုလိုက်ပါ၏။

နောက် သူ၏ လုံးချင်းဝတ္ထုတွေ တော်တော်များများထွက်၍ စာပေနယ်မှာ ထင်ရှားလေသည်။ နှောင်းတမြေ့မြေ့ဝတ္ထုကိုကား သာဓုသား ဒါရိုက်တာမောင်ဝဏ္ဏက မင်းသားဇော်လွင်၊ သုမောင်တို့နှင့် ရုပ်ရှင်ရိုက်၍ ဤဇာတ်ကားတွင် ကျွန်တော်ကလည်း ဗိုလ်မှူးကြီးတစ်ယောက်အနေနှင့် သရုပ်ဆောင် လိုက်ရသေး၏။ ဤဝတ္ထုသည် အောင်မြင်သော ရုပ်ရှင်ကားဖြစ်သွား၏။

သူ့ဝတ္ထုတွေကို ကျွန်တော်ဖတ်ဖူးပြီး နှောင်းတမြေ့မြေ့တွင် သူဖန်တီးသော ဇာတ်ကောင်တစ်ယောက်အနေနှင့် ကျွန်တော်သရုပ်ဆောင်ဖူးပြီ။ သို့တိုင် မြတ်ထန်ကိုတော့ ကျွန်တော် လူချင်းမတွေ့ဖူးသေး။ ကျွန်တော့်ဆီ စာမူတောင်းရန် လာသောအခါမှ ဖြစ်ပါ၏။

ကျွန်တော် ၆ မိုင်က မာလကာခြံတွင်နေစဉ် တစ်နေ့သော နံနက်ခင်း၌ ကျွန်တော့်အိမ်ရှေ့မှာ ဘောက်စ်ဝက်ဂွန် ကားဖြူလေးတစ်စီး ထိုးရပ်ပြီး စာရေးဆရာ အောင်ပြည့်နှင့် ကျွန်တော် မမြင်ဘူးသေးသော လူတစ်ယောက် ကျွန်တော့်အိမ်ထဲသို့ ဝင်လာကြ၏။ ထိုသူမှာ မျက်နှာဝိုင်းဝိုင်း၊ အသားဖြူဖြူ၊ လူချောချော၊ အထူးသဖြင့် သူ့ဘိုလ်ဆံတောက်မှာ ယခုခေတ် အများတကာတွေ့ပုံမျိုးနှင့်မတူ၊ ရှေးအင်္ဂလိပ်ခေတ်က ရုပ်ရှင်မင်းသား ဘတင့်၊ ဘမြင့်၊

mgyoe.com

mgyoe.com

ခင်မောင်ရင်တို့လို ဆံပင်ရှည်ရှည်၊ နောက်လွန်ဆံတောက်နှင့်ဖြစ်၏။

ကျွန်တော့်အိမ်ပေါ်ရောက်သည်နှင့်၊ အောင်ပြည့်က မိတ်ဆက်ပေး၏။ ထိုသူကား စာရေးဆရာမြတ်ထန်ပေတည်း။

မျက်နှာထားချို၏။ စကားဖော်ရွေ၏။

ထိုမှစ၍ ဆရာမြတ်ထန်နှင့် ကျွန်တော် လူချင်း ခင်မင်ရင်းနှီးသွားကြ၏။ ကျွန်တော်ကလည်း သူ့ချယ်ရီမဂ္ဂဇင်းမှာ လစဉ်မှန်မှန်ရေးပေးခဲ့ပါ၏။ ထိုမဂ္ဂဇင်းမှာ စတင်ထုတ်ဝေစဉ်က မြတ်ထန်က အယ်ဒီတာချုပ်၊ အောင်ပြည့်က အထွေထွေအယ်ဒီတာ၊ သူတို့နှစ်ယောက် တွဲဖက်မိကြ၍ မဂ္ဂဇင်းစောင်ရေ သောင်းနှစ်ထောင်အထိ ဖြစ်ခဲ့သည်။

ထိုစဉ်အခါ၌ ဆရာမြတ်ထန်နှင့် သိကျွမ်းရသဖြင့် ကျွန်တော့်အဖို့ ဘယ်လောက်ကောင်းသလဲဟုမူ၊ ဆရာမြတ်ထန်အိမ်က သမိုင်းလမ်းတံတားလေးဆေးရုံအနီးတွင် ဖြစ်လေရာ၊ သူ မြို့ထဲ လွှစ္စလမ်းချယ်ရီမဂ္ဂဇင်းတိုက်သို့ နေ့စဉ်သွားရာ၌ ကျွန်တော့်အိမ်အနီး ပြည်လမ်းမကြီးက သွားရသဖြင့်၊ ထိုနေ့ ကျွန်တော် မြို့ထဲသွားစရာရှိလျှင် သူ့အိမ်ဖုန်းဆက်ပြီး 'ဆရာမြတ်ထန်' ဒီနေ့ ကျွန်တော့် ဝင်ခေါ်ပါဗျို့'ဟု ပြောထားလိုက်၊ အချိန်တန်လျှင် သူဘောက်စ်ဝက်ဂွန်ကားလေး ကျွန်တော့်အိမ်ရှေ့ရောက်လာတာပဲ။ ထို့နောက် မြို့ထဲရောက် ကျွန်တော်သွားလိုရာပို့ပြီး အပြန်မှာလည်း 'ညနေပြန်တော့ ကျွန်တော့် ရှမဝက ခေါ်ပါဗျို့' မှာ ထားလိုက်ရုံပဲ။

ဆရာမြတ်ထန်ကား မိတ်ဆွေသင်္ဂဟအပေါ်၌ ဤမျှအထိ စေတနာသဒ္ဒါတရားရှိသူ ဖြစ်ပါ၏။

ထိုမျှမက သူ၏ စိတ်နေသဘောထားကို ပို၍သိရသည်ကား သူနှင့်နှစ်ညအိပ်၊ နှစ်ရက်ခရီးအတူသွားဖူးစဉ်က ဖြစ်ပါ၏။

## (၂)

ထိုအခါသမယသည် ယခင်ပါတီခေတ်၌ မြို့နယ်တို့တွင်စာပေလုပ်သားအဖွဲ့များရှိကြ၍ စာပေဟောပြောပွဲတွေ မိုးကောင်းစဉ်က ဖြစ်ပါ၏။ ယင်းအချိန်မှာ စာရေးဆရာ ရန်အောင်မောင်မောင်က သာယာဝတီမှာ ထောင်ပိုင်ကြီး၊ သူက သာယာဝတီနှင့် သုံးဆယ်နှစ်မြို့အတွက် ထိုနှစ်စာပေဟောပြောပွဲ
mgyoe.com

mgyoe.com


ဖိတ်ကြားရာ၌ မြတ်ထန်၊ သော်တာဆွေ၊ ကာတွန်းဖေသိန်းနှင့် မင်းသမီးကြီး စောမုံညင်း။

သူ့ကို ဘာကြောင့် 'မင်းသမီးကြီး' ဟု ဝိသေသ ပြုရပါသလဲဆို တော့ သူက ဟောပြောရင်း သီချင်းဆိုလည်းတယ်ပြီး ကောင်းတာပဲဗျာ။ သူဆို တာတွေက ယခုခေတ် မော်ဒန်တွေ မဟုတ်ပါဘူး။ ရှေးခေတ် သီချင်းကြီး သီချင်းခန့်များနဲ့ ရှေးစာဆိုတော်ကြီးများရဲ့ ကဗျာလင်္ကာတွေခင်ဗျ။ ဥပမာ လှိုင်ထိပ်ခေါင်တင်ရဲ့တေးထပ်။

*အပျိုဖော်ရွယ်မစေ့ခင်က*
*ငယ်ဓလေ့ဂေါ်ရီ*
*ဘယ်အလေ့လောကီကို*
*ဓောမသိခင်က၊*
*စံပယ်ခက် နှစ်စုံပင်မှာ*
*မငုံခင်တုန်းကအစ၊*
*ပန်းဒွါရ ဆင့်စီငယ်*
*မပွင့်မီကာလ၊*
*ကျင့်ဝသီဓာဂနှင့်*
*ခါပထ၇ အရွယ်၊*
*ငယ်သွားတွေ ကြွေမလဲခင်က*
*မေအမြဲ ချစ်ဖို့ကြံရွယ်၊*
*ကလေးစိတ် ခတ်မပြယ်၊*
*ခပ်ငယ်ငယ် စာမတတ်ခင်က၊*
*ကညာနတ် တောင်းဆုပွေလီ*
*ကောင်းမှုစေတီ၊*
*စိတ်မှန်းနဲ့ မေကျောက်ချီသည်*
*သွေးဖောက်ပြီနိုင်ဖူးဖျာ့လေး။*

ဒေါ်စောမုံညင်း ဟောပြောပုံက အဲဒီတေးထပ်ကို ဌာန်ကရိုဏ်းကျကျ၊ သူ့အသံကောင်းကောင်းနဲ့ ရွတ်ဆိုပြီးတဲ့နောက် စကားဖန်လေး ထိုးလိုက်ပုံ က...

mgyoe.com

mgyoe.com


"ဩော်... ငါနဲ့တူလိုက်တာနော်လို့ အောက်မေ့မိတယ်" ဆိုတော့ ပရိတ်သတ်က ပွဲကျတာပေါ့ဗျ။

ဒါကို သူက ဟာသအနေနဲ့ ပြောတဲ့ပုံမျိုး လုပ်ပေမယ့် တကယ်တော့ သူဟာ အပျိုဖော်ရွယ်မစ္စခင်ကဘဲ လင်လိုချင်စိတ်ပေါ်ခဲ့တာ ဖြစ်လိမ့်မယ်ဗျ။

အနှီလို ဒေါ်စောမုံညင်း အဟောအပြောကောင်းတာနဲ့ ကျွန်တော်တို့ဟာ မူလက ရန်အောင်မောင်မောင် အစီအစဉ်အတိုင်းပဲ သာယာဝတီမှာ တစ်ည၊ သုံးဆယ်မှာတစ်ည ဟောပြောပြီး ရန်ကုန်ပြန်ကြဖို့ပဲ။ သို့သော် အဲဒီ နှစ်ညစလုံး ဟောပြောပွဲမှာ နတ်တလင်းစာပေလုပ်သားအဖွဲ့က လူများလည်း လာရောက်နားထောင်နေကြတော့ ကျွန်တော်တို့ကို သူတို့မြို့မှာနောက်တစ်ရက် ပွဲဆက်ဖို့ ဖိတ်ကြားပါရော။

ဒီတော့ ဆရာမြတ်ထန်နဲ့ ကျွန်တော်က မလိုက်နိုင်တော့ဘူး။ ဘာကြောင့်ဆို ဆရာမြတ်ထန်မှာ သူ့ချယ်ရီမဂ္ဂဇင်း ဖောင်ပိတ်ရက်ရောက်နေပြီ။ ကျွန်တော်ကလည်း သာယာဝတီက ပြန်ရောက်တဲ့နေ့ညမှာပဲ ကျောက်မြောင်းက ဟောပြောပွဲလက်ခံထားပြီးပြီ။ ကိုဖေသိန်းနဲ့ မင်းသမီးကြီး ဒေါ်စောမုံညင်းပဲ နတ်တလင်းပွဲနွှဲနိုင်တော့တယ်။ ဒါကြောင့် ရန်ကုန်ကလာခဲ့တဲ့ လေးယောက်ဟာ နောက်တစ်နေ့မှာ နှစ်ယောက်စီ ခရီးခွဲကြရတယ်။

ကိုဖေသိန်းနဲ့ မင်းသမီးကြီးတော့ နတ်တလင်းကလူတွေ ခေါ်သွားရော။ ဆရာမြတ်ထန်နဲ့ ကျွန်တော်တော့ ရန်အောင်မောင်မောင်က သူ့ရုံးကားနဲ့ ရန်ကုန်ပြန်ပို့ခိုင်းလိုက်တယ်။

ဩော်... အဖြစ်က ဖန်ချင်တော့ သာယာဝတီက ကျွန်တော်တို့လိုက်ပို့တဲ့ ကားဟာ လမ်းမှာချူချာလာလိုက်တာ တိုက်ကြီးလည်း ရောက်ကရော လုံးလုံးမောင်းမဖြစ်တဲ့ အခြေရောက်ပါရော။ ဝပ်ရှော့သွားရမယ်တဲ့။ ဒီကားပြင်တာ ဘယ်လောက်ကြာမလဲလို့ မေးတော့ ဒရိုင်ဘာက မသိဘူးတဲ့။ အချိန်ကလည်း နေ့လယ် တစ်နာရီလောက်ကြီး။

ဒီတော့ ဆရာမြတ်ထန်က...

"ဒါဖြင့် ခင်ဗျားတို့ ကျွန်တော်တို့ကို ရန်ကုန်လိုက်ပို့မနေနဲ့တော့၊ ဒီက ရန်ကုန်ကို တက္ကစီ ငှားလို့ ရမယ်မဟုတ်လား"

mgyoe.com

mgyoe.com


"ရပါတယ်"

"ဒါဖြင့် သင့်လျော်တဲ့ ကားသာငှားပေးလိုက်ပေရော့၊ သို့သော် တစ်ခုတော့ မှာလိုက်ပါရစေ၊ ခင်ဗျားတို့ ကားပြင်ပြီးလို့ သာယာဝတီပြန်ရောက်တဲ့အခါမှာ ခင်ဗျားတို့ထောင်ပိုင်ကြီးကို တိုက်ကြီးမှာ ကားပျက်လို့ ရန်ကုန်က စာရေးဆရာတွေ တက္ကစီငှားသွားကြတယ်မပြောနဲ့၊ ကျွန်တော်တို့ မိတ်ဆွေကားနဲ့ကြုံလို့ လိုက်သွားကြ တယ်လို့သာပြောလိုက်၊ နို့မဟုတ်ရင် သူ စိတ်မကောင်းဖြစ်နေဦးမယ်"

ဤကား ဆရာမြတ်ထန်၏ စိတ်နေသဘောထား မွန်မြတ်ပုံတည်း။ နို့ပြီး ကျွန်တော်တို့သည် တက္ကစီကားကို ၂၀၀ ကျပ် ပေး၍ ငှားခဲ့ရသည်ဖြစ်ရာ ကျွန်တော့်စိတ်ထဲမှာ သူနှင့်ကျွန်တော် တစ်ယောက်တစ်ရာစီပဲဟု တွက်၍ထားသော်လည်း ရန်ကုန်တွင် သူ့အိမ်အလျင်ရောက်သည်၌ သူက ငွေ ၂၀၀ ကျပ် ထုတ်ပေးနေသည်မြင်ရသဖြင့် ကျွန်တော်က...

"ကားဆရာ တစ်ရာပြန်ပေးလိုက်ပါ၊ ကျွန်တော်က တစ်ရာပေးပါ့မယ်" ဆိုတော့ ဆရာမြတ်ထန်က...

"အို ကြုံတုန်းကြုံခိုက် ကျွန်တော်ကပဲ ဒါန ပြုလိုက်ပါရစေ ဆရာဆွေရယ်" တဲ့။

အမှတ် ၇၅၊ ချယ်ရီမဂ္ဂဇင်း၊ ၁၉၉၂၊ ဖေဖော်ဝါရီလ။

mgyoe.com

mgyoe.com

# ရှုမဝဦးကျော်မည်သော ဇွဲသတ္တိခဲ

၁၉၄၇ ခုနှစ်၊ နိုဝင်ဘာလ၊ ဒုတိယသီတင်းပတ်၊ တစ်ခုသော နံနက်ခင်း၌ လမ်းလျှောက်တုတ်ကိုင်၍ ဆေးတံကြီးခဲထားသော အသားညိုညို အရပ်ရှည်ရှည် လူကြီးတစ်ယောက်နှင့် လက်ဆွဲသားရေအိတ်ကိုင်ထားသည့် အသားဖြူဖြူ အရပ်ပြတ်ပြတ် လူငယ်တစ်ယောက်သည် ရန်ကုန်မြို့၊ ဗိုလ်ချုပ်ဈေး၊ အနောက်ဘက်တန်း၊ အခန်းနံပါတ် ၁၄၆ တွင် ဖွင့်ထားသော သံတံခါးပေါက်မှ ဝင်ခဲ့ကြပြီး၊ အတွင်းမှာ လူတစ်ယောက်မှ မတွေ့ရ၍ လူငယ်က အပေါ်ထပ် လှေကားဝကို မော်ကြည့်လျက်...

"ရှုမဝဦးကျော်ရှိပါရဲ့လားခင်ဗျာ..." ဟု မေးလိုက်လေ၏။

ထိုသူနှစ်ဦးအနက် လူကြီးက ဆရာကြီးရွှေဥဒေါင်း၊ လူငယ်က သော်တာဆွေ။ သူတို့သည် မန္တလေးမြို့မှ ရန်ကုန်၊ ယခုမနက် ဆိုက်ရထားနှင့် ရောက်လာကြခြင်းဖြစ်သည်။

ကျွန်တော်သည် ထိုနေ့နံနက်ခင်းက ဖော်ပြခဲ့သော အခန်းအပေါ်ထပ်မှ ဆင်းလာခဲ့သော ရှုမဝဦးကျော်ကို ယခု ၁၉၇၄ ခု၊ ဖေဖော်ဝါရီလ၊ နှစ်ဆယ့်ငါးရက်၊ နေ့လယ် ၃ နာရီခန့်၌ ကြံတော သုသာန်က သင်္ချိုင်းဂူထဲသို့ ဝင်သွားခဲ့သည်အထိ၊ စိစစ်လေ့လာကြည့်ရှုခဲ့ရာ၊ ရှုမဝဦးကျော်သည် အင်မတန်ဇွဲသတ္တိကောင်းသူ၊ အလွန်ဝီရိယရှိသူ၊ အလုပ်တစ်ခုကို မဖြစ်မနေ လုပ်တတ်သူဖြစ်လျက် လူချင်းပေါင်းသင်းဆက်ဆံမှုမှာလည်း တစ်ဖက်သားကို ကူညီတတ်ခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ ရန်ညိုးအာဃာတ မထားတတ်ခြင်းတို့ဖြင့် ပြည့်စုံလှပါပေ၏။

mgyoe.com

mgyoe.com

အောက်ပါစာကို ကြည့်စမ်းပါ။

သော်တာ ဆွေသို့-

ခင်ဗျားသည် စော်ကားလွန်းအားကြီးသည်။

ခင်ဗျားပြုမူပုံသည် ကျွန်တော်၏ လူငယ်များကို အုပ်ထိန်း၍ မရ လောက်အောင် ဖြစ်နေပြီ။

ကျွန်တော့်တစ်သက်နဲ့တစ်ကိုယ် ဘယ်သူ၏ လက်နဲ့မျှ အရှုံးမပေး

ခင်ဗျားတို့ မူးချင်တိုင်းမူးပြီး စော်ကားချင်တိုင်းလာ၍ စော်ကားနေတာ ဆက်လက်သည်းမခံနိုင်ပါ။

ခင်ဗျားနဲ့ကျွန်တော် ယခုအချိန်ကစပြီး လူရင်းအဆက်ပြတ်ပြီ ဖြစ်ကြောင်း။

မူရင်းဦးကျော်၏စာ

ရှမဝတိုက်

စာတည်းအဖွဲ့နှင့် ပုံနှိပ်ဌာန

အမှတ် ၁၊ ဆင်း၁၀စ်လမ်း၊

ရန်ကုန်။

၁၁၊ ၁၀၊ ၅၈

သော်တာဆွေသို့

ခင်ဗျားသည် စော်ကားလွန်းအားကြီးသည်။

ခင်ဗျားပြုမူပုံသည် ကျွန်တော်၏ လူငယ်များကို အုပ်ထိန်း၍ မရ လောက်အောင် ဖြစ်နေပြီ။

ကျွန်တော့်တစ်သက်နဲ့တစ်ကိုယ် ဘယ်သူ၏ လက်နဲ့မျှ အရှုယ်ပင် မခံခဲ့ရဘူးပေ။

ခင်ဗျားတို့ မူးချင်တိုင်းမူးပြီး စော်ကားချင်တိုင်းလာ၍ စော်ကားနေတာ ဆက်လက်သည်းမခံနိုင်ပါ။

mgyoe.com

mgyoe.com

ခင်ဗျားနဲ့ ကျွန်တော် ယခု အချိန်ကစ၍ လူချင်းအဆက်ဖြတ်ပြီဖြစ်ကြောင်း။

မောင်ကျော်



"လာလုလုငေး" စတင် ရိုက်ကူးကြောင်း ဆန်းကဖေး၌ သတင်းစာရှင်းပွဲ ပြုလုပ်စဉ်က။ (ဝဲမှယာသို့) ဒဂုန်ခင် (မိုမို)၊ ရှုမဝဦးကျော်၊ ဆရာတင့်တယ် ရုပ်ရှင်မင်းသား မြင့်စိုး။ ၁၉၅၆။

၁၉၅၈ ခု၊ အောက်တိုဘာလ ဆယ့်တစ်ရက်နေ့ နံနက်စောစောတွင် ရှုမဝကားမောင်းသော ဒရိုင်ဘာ ကိုသိန်းမောင်သည် ရှုမဝကားနှင့် ခုနစ်မိုင် ရွာတန်းရှည်ရှိ ကျွန်တော့်အိမ်သို့ ရောက်လာပြီး၊ အထက်ပါစာကို ပေးပါသည်။ ထိုအချိန်၌ ကျွန်တော့်မျက်နှာမှာ ဒဏ်ရာဒဏ်ချက်တွေနှင့်။ ဒီဒဏ်ရာတွေကို ကျွန်တော် ဘယ်လိုရခဲ့သလဲ မသိ။ "မောင်ဟာ... ညကအရက်တွေ အလွန်အကျွံမူးပြီး ကိုသိန်းမောင် ရှုမဝကားနဲ့ လာပို့တာပဲ" ဟု ကျွန်တော့်ဇနီး မေ ပြောတာပဲသိ၏။ "မောင်... ဘယ်လိုဖြစ်လာတာလဲ" ဟု မေမေးသည်ကိုလည်း ကျွန်တော် မဖြေနိုင်။ ကျွန်တော်မှာ ထိုစဉ်က

mgyoe.com

mgyoe.com
ဒီလိုပဲ၊ အရက်သိပ်မူးခဲ့ပြီဆိုလျှင် မူးတုန်းကိုယ်လုပ်ခဲ့တာတွေ မမှတ်မိတော့။ ထို့ကြောင့် ဦးကျော်ပေးခိုင်းသောစာကို ဖတ်ပြီး...

"ကိုသိန်းမောင်... ကျွန်တော်မနေ့က ရှုမဝတိုက်မှာ ဘာဖြစ်ခဲ့သလဲ ဗျာ..."

"ဦးကျော်နဲ့ အာစရိဟာ... စားပွဲမှာ ထိုင်ပြီး စကားအချီအချပြောနေကြ ရင်း အာစရိက ဦးကျော်ခေါင်းကို စီးကရက်သံဘူးနဲ့ ကောက်ထုတာပဲဗျာ"

သည်တော့ ကျွန်တော်က တအံ့တသြဖြစ်လျက်...

"ဟာ... ဟုတ်လား၊ ဦးကျော် တော်တော်နာသွားသလား..."

"သိပ်မနာပါဘူး...၊ နဖူးမှာ နည်းနည်းတော့ ရောင်သွားတယ်"

"နို့ပြီး ကျွန်တော့်မျက်နှာနဲ့ ခေါင်းက ဒဏ်ရာတွေကကော ဦးကျော် က ကျွန်တော့်ပြန်ဆော်တာလား"

"ဘယ်ဟုတ်ရမလဲ၊ ဦးကျော်က အာစရိကို လက်ဖျားနဲ့တောင် မတို့ ဘူး၊ သူ့ကောင်လေးတွေက ဝိုင်းဆော်ကြတာ..."

"ဆော်ထိုက်ပါပေတယ်ဗျာ၊ ကျွန်တော် စိတ်မဆိုးဘူးလို့ အဲဒီလူငယ် တွေကို ပြောလိုက်ပါ"

"ဦးကျော်က အာစရိလဲနေတော့ ဟဲ့မလုပ်ကြနဲ့ မလုပ်ကြနဲ့လို့တားပြီး ကျွန်တော့်ကို ဆေးတိုက်လိုက်ပို့ခိုင်းတယ်၊ အာစရိကို ဆရာဝန်က ဆေးထိုး ဆေးထည့်ပြီးမှ ကျွန်တော် ဒီအိမ်ပြန်ပို့တာ..."

"အင်း... ကျုပ်တော့ ဘာမှ မမှတ်မိဘူးဗျာ"

အမှန်ပဲ၊ ဦးကျော်ကို ကျွန်တော် ဘာကြောင့် စီးကရက်ဘူးနှင့် ကောက် ပေါက်မိသနည်း။ ယခုတိုင်စဉ်းစား၍ မရပါ။ ဘာမျှ ရန်ညှိုးရန်စ ရှိစရာလူ ချင်းလည်း မဟုတ်။ ကျွန်တော့်တွင် အရက်ဂြိုဟ်ဆိုးဝင်လျှင် မြင်ရာလူကို ထိုးနှက်ချင်သော ကျွန်တော်မသိသော ကျွန်တော်၏ အတွင်းစိတ်ယုတ်သာ လျှင် ဖြစ်ပေလိမ့်မည်ဟု သတ္တုချရပါတော့၏။

အဲ... ဖြစ်ပြီး အမူးပြေပြီဆိုလျှင်တော့ စိတ်မကောင်းခြင်း၊ နောင်တ ရခြင်းတွေအပြည့်။ အဲသည်တုန်းက ကျွန်တော့်စိတ် ဘယ်လောက်ထိခိုက်ပါ သနည်း၊ ဦးကျော်၏ ထိုစာကလေးကို ယခုထိ မပျောက်ပျက်အောင် သိမ်း ဆည်းထားသည်ကိုသာ ကြည့်ပါတော့။

mgyoe.com

mgyoe.com

ရှုမဝတိုက်ကို ကျွန်တော် တော်တော်နှင့် မသွားဝံ့တော့ပေ။ သို့သော် ရှုမဝအတွက် ကျွန်တော်ဝတ္ထုရေးခြင်းကိုကားမပျက်။ ထိုအောက်တို ဘာလ ထဲမှာ ရှုမဝတွင် ကျွန်တော် ဆောင်ရွက်စရာတွေကား ပြီးခဲ့ပြီ။

အဲ... နိဝင်ဘာလဆန်း မဂ္ဂဇင်းထွက်ရက်ရောက်တော့ ကျွန်တော် မနေနိုင်တော့ပါ။ ရှုမဝမဂ္ဂဇင်းနှင့် ဦးကျော်ကို ကျွန်တော်ချစ်သော စိတ်က လှုံ့ဆော်လာသဖြင့်၊ အို... ဖြစ်ချင်ရာဖြစ်တော့ဟု ရှုမဝအတွက် ရေးသားသော 'မိရွှေနီ' ဝတ္ထုကိုကိုင်ကာ အိမ်မှ ထွက်ခဲ့ပေတော့သည်။

ကျွန်တော့်ဘဝကို ဖန်တီးရာတွင် ကျွန်တော့်အား အကူအညီပေး သူများမှာ ကျွန်တော့်အဖေနှင့်အမေပြီးလျှင် ရှုမဝဦးကျော်သာဖြစ်ပါ၏။ ဦးကျော်ကိုလည်း ကျွန်တော်ပြောဖူးပါသည်။

ကြည့်စမ်းပါ ၁၉၅၄ ခုနှစ်၊ မေနှင့်ကျွန်တော် ညားကြတော့ ယောက္ခမ ဟောင်းကြီးက ကျွန်တော့်တွင် သားသမီးငါးယောက်ရှိရာ...၊ တစ်ယောက် လျှင် ငါးဆယ်စီ၊ တစ်လနှစ်ရာ့ငါးဆယ်ပေးနိုင်ပါက ကြွလိုရာကြွ၊ ယူလိုရာ မိန်းမယူဆိုသောအခါတွင် ထိုစဉ်က ရှုမဝမှ ဝတ္ထုတစ်ပုဒ် သုံးရာသာရနေ သော ကျွန်တော့်အဖို့ အခက်မဟုတ်တုံလော...။ ထို့ကြောင့် ဦးကျော်က ဖန်တီးပေးပါသည်။ ရှုမဝမဂ္ဂဇင်းမှာ အပိုကဏ္ဍထည့်ပေးတာ တစ်လသုံးရာ ဝတ္ထုဖိုးနှင့်ခြောက်ရာကျပ်ဟူ၍ ပေးလေသောကြောင့် ဒီဖေကို ယခုထိ တိန်တိန်မြည်ရသည် မဟုတ်ပါလော။

ဤမျှ ကျေးဇူးခံ ကျေးဇူးစားရှိနေသော ဦးကျော်အား သူက လူချင်း အဆက်ဖြတ်ပြီဆိုသော်လည်း ကျွန်တော်က မဖြတ်နိုင်ပါ။ သူပြောလိုရာပြော၊ ပြုလိုရာပြုစေတော့ဟု ကျွန်တော် ရှုမဝတိုက်သားများက ကျွန်တော်လာတာ မြင်တော့ ကျွန်တော်တို့ နှစ်ယောက် ဘာဖြစ်ကြဦးမလဲဟု စိတ်စောကြ သည်။

သို့သော် ဦးကျော်သည် ကျွန်တော့် မြင်သောအခါ ပြုံးတုံးတုံးလုပ် နေ၍ သူ့စားပွဲနားရောက်တော့...

"ဟင်း... ဟင်း... ကိုရင်ကြီးလာမှလာပါဦးမလားလို့ ကျုပ်က စိုးရိမ် နေတာ..."

ဒီတော့ ကျွန်တော်က မာမာပဲ။

mgyoe.com

mgyoe.com
"ခင်ဗျား မလာနဲ့ဆိုကော မလာဘဲ နေရမလားဗျ၊ ဒီမှာ ကျွန်တော့် ဝတ္ထုကရှိနေတာပဲ၊ ဟောဒီမှာ ရှမဝအတွက် ဝတ္ထု" ဟု စာမူတို လှမ်းပေး လိုက်တော့ သူ ဝမ်းသာအားရယူပြီး၊ တစ်ခါတည်း ဖတ်လေတော့သည်။

ဦးကျော်သည် ကျွန်တော့်စာများကို သူအားနေလျှင် ချက်ချင်း ဖတ် လေ့ရှိသည်။ ပြင်စရာ ဖြတ်စရာရှိလျှင် နှမ်ဦးသဘောတူဆွေးနွေးကြသည်။ 'မိရွှေနီ' ဝတ္ထုကို သူ တစ်ထိုင်တည်းနှင့် ဖတ်ပြီး ဘာမျှပြင်စရာဖြတ်စရာမရှိ၊ "သိပ်ကောင်းတာပဲ" ဟု စားပွဲကို လက်နှင့်ပုတ်၍ ပြောသည်။

"သော်တာဆွေရေးတာ မကောင်းတာများရှိဖူးလို့လား" ဟု ကျွန်တော် ကပြောပြီး နှစ်ယောက်သား ပလဲနံပသင့်နေကြတော့ ရှမဝတိုက်သားတွေက ပြုံးစိစိ လုပ်နေကြသည်။ သူတို့က ကျွန်တော်နှင့် ဦးကျော်ကို လင်မယားဟု ခေါ်ကြသည်။ ဘာကြောင့်ဆို စာမူနှင့် ပတ်သက်၍ ငြင်းခုံကြရာမှာ လည်း ကောင်း၊ ကျွန်တော်က ဦးကျော်အား ပိုက်ဆံတောင်းရာမှာ လည်းကောင်း မကြာခဏ ဆူဆူညံညံဖြစ်တတ်သည်။ နောက်ပြီး ပြန်တည့်ကြသည်။

ဦးကျော် သားသမီးများသည် သူတို့အဖေအပေါ်၌ ကျွန်တော့်လောက် နွဲ့ဆိုးဆိုးကြလိမ့်မည် မဟုတ်။ ကျွန်တော်ငွေအသုံးလိုလျှင် ကိုယ်က ရစရာ ရှိရှိ၊ မရှိရှိ အတင်းတောင်းတတ်သည်။ မပေးဘဲ မနေရအောင်လုပ်သည်။

ဥပမာ သူ့ဆီပိုက်ဆံတောင်းနေတာ တစ်နာရီလောက် ရှိနေပြီဆိုအံ့။ ဦးကျော်ကလည်း ကိုရင့်ပေးစရာ မရှိဘူးဆို၍ ဘူးခံနေပြီ။ ဒီတော့ ကျွန်တော် က...

"ဦးကျော် ခင်ဗျား ကျွန်တော့်ကို မပေးဘူးပေးမယ် နောက်ဆုံးတစ်ခွန်း တည်းပြောတော့ဗျာ"

သူ့ပါး စူဖောင်းဖောင်းလေးနှင့်...

"မပေးဘူးဗျာ...၊ မပေးဘူး မပေးဘူး၊ အခွန်းတစ်ရာပြောတယ်..."

"ကဲ ဒါဖြင့် ကျွန်တော်က သူ့အခန်းထဲရှိ ရေဒီယိုကို မ,သွားလေတော့ ၏။

"ဒါဟာ ရေဒီယို ပြန်ပေးဆွဲတာပဲ၊ ကိုသိန်းမောင်ကိုလွှတ်ပြီး ငွေ ၅၀ိ နဲ့ ကျွန်တော့်အိမ်မှာ လာရွေးပါ" ဟု ပြောပစ်ခဲ့၏။

တစ်ကြိမ်လည်း ကျွန်တော်က တတွတ်တွတ်တောင်းနေသည်။
mgyoe.com

mgyoe.com


သူသွားရာလိုက်သည်။ အိပ်မည်လုပ်သည်ကိုလည်း ခြေထောက်ဆွဲတောင်း နေသည်။

"အောင်မယ်လေးလေ၊ ကျုပ်တော့သေတော့မှာပဲ၊ နားပူလိုက်တာ..."

"မပူချင်ပေးလိုက်ပါလားဗျ၊ အလွယ်လေး"

"ပိုက်ဆံပေးဖို့က မရှိဘူးဗျ၊ မရှိဘူး..."

"အောင်မယ်လေး... မဂိုလမ်းကုလားမရှိဘူး၊ ရန်ကုန်မြစ်ထဲ ရေမရှိဘူး၊ ရှမဝဦးကျော်မှာ ငွေမရှိဘူးဆိုတာ ကျုပ်က မယုံသေးဘူး"

ဒီလို ဦးကျော်အား ကျွန်တော်က အတင်းကပ်ပူနေသည်ကို ရှမဝ တိုက်သားများရော၊ ဦးကျော် အိမ်သားများရော အားလုံးမြင်ကြကြားကြ သည်။ သို့သော် ကျွန်တော်တို့နှစ်ယောက်ကြားမှာ ဘာမျှဝင်၍ မစွက်ဖက် ကြ။ ပြုံးစိစိနှင့် ကြည့်နေတတ်ကြ၏။ သူတို့မှာ ကျွန်တော်တို့အဖြစ်ကို ရိုးနေပြီ။

ဦးကျော်သည် နေ့လယ်နေ့ခင်းမှာ ပက်လက်ကုလားထိုင်တွင် အိပ် စက်လေ့ရှိရာ၊ သူသည် ထိုနေ့၌ အိပ်ချင်လာ၍ စိတ်တိုလာပြီဖြစ်ရာ...

"ပိုက်ဆံမရှိပါဘူးဆိုနေတာ၊ ကဲ ဟောဒါပဲယူသွား" ဟု သူ စိတ်လုပ် ၍ သူ့လက်က မြလက်စွပ်ကို ချွတ်ပေးရာ၊ ဒီဖေကိုက ဘာချမ်းသာပေးမလဲ၊ အပေါင်ဆိုင် သွားပေါင်ပစ်လိုက်တာပေါ့...။

× × ×

## သူ့ဝါသနာ

ရှမဝဦးကျော်သည် ကြည်လင်အေးမြသော မျက်နှာရှိသည်။ စကား ပြောလျှင် တိုးတိုးညင်သာ ပြောတတ်သည်။ သူ့တွင် မယဉ်ကျေးမဖွယ်ရာ သော ပျော်ပါးမှုမရှိ။ သူ မက်မောသည်က စီးကရက်သောက်ခြင်း၊ ရုပ်ရှင် ကြည့်ခြင်းနှင့် စာဖတ်ခြင်း။

စီးကရက်ကို အကောင်းစားမှ တစ်မျိုးတည်းသီးသန့်လျက်၊ တစ်လိပ် ပြီးတစ်လိပ် အဆက်မပြတ်သောက်၏။

ရုပ်ရှင်ကို ဇာတ်ကားတိုင်းလိုလို ကြည့်၏။

စာကို နာမည်ကြီးစာအုပ်တွေကိုရော၊ ရှမဝတိုက်သို့ ပို့သောစာရေး

mgyoe.com

mgyoe.com

ဆရာကြီးငယ်တို့၏ စာမူတွေရော အားလုံးဖတ်၏။

စာရေးဆရာငယ်တွေ စာမူများဖတ်ရသည်မှာ၊ မဂ္ဂဇင်းတွင်သုံးရန် သင့်မသင့် တည်းဖြတ်ရန် ဖတ်ခြင်းဖြစ်၍၊ နာမည်ရစာရေးဆရာကြီးတို့၏ လက်ရေးမူများကိုကား သူ တည်းဖြတ်ရန် ဘာမျှမလို။ မုချဧကန်မဂ္ဂဇင်းထဲ ထည့်ရမည်ဖြစ်လျက်၊ သူက နှစ်သက်ခုံမင်လှစွာ၊ ရှေးဦးစွာဖတ်လိုသော ကြောင့် ဖတ်ခြင်းသာဖြစ်၏။

သူ စာမူတစ်ခု ဖတ်ပြီး၍ နှစ်သက်လှပြီဆိုရင်တော့ တစ်ယောက်တည်း ပြုံးပြုံးပြုံးပြုံးနှင့် သူ့မျက်နှာရှေ့တွင် စီးကရက်မီးခိုးတွေ ဝေနေလေရော့။

ဦးကျော်သည် အလုပ်ကို အင်မတန်ကြိုးစားသူဖြစ်၏။ ယခင် မဂ္ဂဇင်း တစ်မျိုးတည်း လုပ်စဉ်အခါက သူ့စိတ်အာရုံကို မဂ္ဂဇင်းထဲမှာသာထား၏။

## ရှုမဝရုပ်စုံမဂ္ဂဇင်း

ဟိုယခင်က သူရိယမဂ္ဂဇင်း၊ မြန်မာ့အလင်းမဂ္ဂဇင်း၊ ဒဂုန်မဂ္ဂဇင်းဟူ၍ သာရှိခဲ့ပေရာ၊ ဦးကျော်စတင်တီထွင်လိုက်သော ရှုမဝကျတော့ ရှုမဝရုပ်စုံ မဂ္ဂဇင်းဟူ၍ အမည်သ,လိုက်သည်နှင့်အညီ သူ့မဂ္ဂဇင်းမှာ အတွင်းပုံတွေပါ နှစ်ရောင်၊ သုံးရောင်ခြယ်ရပေသည်။ ဒီလို ရောင်စုံပါရာမှာ စာအုပ်ကို ဗလတ်– ဗလတ်လှန်၍ ကြည့်သောအခါ အရောင်မထပ်ဘဲ၊ တစ်မျိုးပြီးတစ် မျိုး ကူးပြောင်းသွားရန်လည်း စီစဉ်ရသည်။

ပုံရိုက်ဆရာသည် ရုပ်ပုံတစ်ခုကို အရောင်အနုအရင့် အတွဲအဖက် သုံးမျိုးရိုက်ပြီးပြရသည်။ ဦးကျော်သည် ဤသုံးပုံကို အချိန်တော်တော်ကြာ ကြည့်သည်။ အနီးတွင် ကျွန်တော်တို့ရှိနေလျှင် ခေါ်ပြပြီး သဘောတူဆုံး ဖြတ်ကြသည်။

ရုပ်ပုံတစ်ခုကို ဒီမင် ဒီအရောင်နှင့် ရိုက်စေဟု ဆုံးဖြတ်ပြီးသော်လည်း ဦးကျော်အလုပ်ကတော့ မပြီးသေးချေ။ စက်ခန်းဝင်ပြီး မကြာခဏ သွားသွား ကြည့်ရသေး၏။ အကြောင်းမှာ မင်လွှတ်တာ အနည်းအများ၊ စက်ဆရာမှာ သူက တစ်ဆက်တည်း မြင်နေရ၍ အရောင်ပြောင်းသည်ကို မသိနိုင်သဖြင့် ဦးကျော်က ကြည့်ပြီးပြောရ၏။

ထို့ကြောင့် ရှုမဝမဂ္ဂဇင်းကြီး တစ်ဟုန်ထိုးတက်နေစဉ်က ရှုမဝ၏အ

mgyoe.com

လှသည် မယုဉ်သာအောင် ဖြစ်ခဲ့ပေ၏။

**စာရေးဆရာစုံ မဂ္ဂဇင်း**

ရှုမဝသည် ရုပ်စုံမဂ္ဂဇင်းသာ မဟုတ်သေး၊ စာရေးဆရာစုံမဂ္ဂဇင်းဖြစ်အောင်လည်း ဦးကျော်က စတင်ခဲ့သည်ဟု ကျွန်တော်ဆိုချင်ပါသည်။ အကြောင်းမှာ (ကလောင်သစ်များ ရေးသားပေးပို့နိုင်ကြပါသည်) ဟု ခေါ်ငင်သည်ကို ကျွန်တော် ရှုမဝမဂ္ဂဇင်းတွင် တွေ့ရပါသောကြောင့် သော်တာဆွေ ရှုမဝသို့ ရောက်လာခြင်း ဖြစ်ပါတော့၏။

တင့်တယ်သည် ရှုမဝမဂ္ဂဇင်းနှင့် နာမည်ရလာသူဖြစ်သည်။ ထို့နောက် သန်းဆွေ၊ မင်းရှင်၊ ရဲခေါင်၊ သော်တာဆွေတို့ကို ရှုမဝက ပေါက်ဖွားခဲ့သည်။ ထို့နောက် ဒဂုန်တာရာ၊ ဗန်းမော်တင်အောင်၊ သာခု၊ လင်းယုန်နီတို့လည်း ရှုမဝမှာ ဝင်ရောက်ကျက်စားကြသည်။

ရှုမဝသည် ကလောင်ဟောင်း၊ ကလောင်သစ်၊ စာရေးဆရာကြီး၊ စာရေးဆရာငယ်တို့ ပျော်မွေ့ရာ ဖြစ်သည်။

ရှုမဝသည် သူခေတ်ကောင်းစဉ်က စာရေးဆရာတွေကို စာမူခ အများဆုံးပေးခဲ့သူဖြစ်သည်။

ထိုစဉ်က ရှုမဝတိုက်သည် လစဉ်မဂ္ဂဇင်းသာ မဟုတ်သေး၊ အခြားစာအုပ်များ ထုတ်ဝေမှုမှာလည်း အောင်မြင်ခဲ့၍ ဦးကျော်သည် သူ့ကြိုးစားမှု သူ့စိတ်စေတနာနှင့် အကျိုးပေးကာ လွန်စွာ ကြီးပွားခဲ့ပေသည်။ ဖော်ပြခဲ့သော ဗိုလ်ချုပ်ဈေး အနောက်ဘက်တန်း၊ အမှတ် ၁၄၆ တိုက်ခန်းကျဉ်းကလေးနှင့် သီတာအေးမည်သော ပုံနှိပ်စက် ပိစိကွေး ကလေးမှသည်၊ ယခုဆင်းဒဝစ်လမ်းက အိမ်ကြီးနှင့် ပုံနှိပ်စက်ကြီးငယ်တွေ မော်တော်ကားတွေနှင့် ဖြစ်လာခဲ့သည်။

**ဦးကျော်၏ စွမ်းပကား**

လူကြည့်တော့ အေးစက်စက်ပျော့ညက်ညက်ကလေးဖြစ်သော ဦးကျော်သည် လစဉ်မဂ္ဂဇင်းကြီးတစ်ခုကို အောင်မြင်ခဲ့၍ စာရေးဆရာသစ်၊ ပန်းချီဆရာသစ်တွေ ပေါက်ဖွားပေးခဲ့ရုံသာမကသေး၊ ရုပ်ရှင်မင်းသားသစ်၊

mgyoe.com

mgyoe.com
မင်းသမီးသစ်၊ ဇာတ်ဆောင်သစ်များကို ဖန်တီးရန်လည်း ရှိသေးသည်ကို ဟိုငယ်ခင်က မည်သူမျှ မတွေးထင်ခဲ့။ ဦးကျော်ကိုယ်တိုင်လည်းမသိ။ သူ့စိတ်အကြံအစည်လည်းမရှိ။ သည်လိုဖြစ်လာရန် စတင်ဖန်တီးလာသူကား ကိုတင့်တယ်ဟု ဆိုရမည်ပင်။

၁၉၅၂ ခုနှစ်၊ ဆရာတင့်တယ် ဘိလပ်မှ ပြန်ရောက်ခါစ ရှုမဝဦးကျော်နှင့် တိုင်ပင်ကြသည်က ရှုမဝမဂ္ဂဇင်းမှတစ်ဆင့် ရှုမဝသတင်းစာထုတ်ကြရန်။

တင့်တယ်သည် စိတ်ကူးယဉ်ပုံစံကြီးကိုဆွဲ၏။ ဆရာဇေယျ၊ ဆရာဇော်ဂျီ၊ ဆရာဇဝန၊ ဇကွဲသုံးလုံးကို အမှူးပြု၊ ထိုစဉ်က ကြေးမုံသတင်းစာမထုတ်ရသေးသော အောင်ဗလ (ကိုသောင်း) ကို သတင်းထောက်ချုပ်ခန့်၊ သော်တာဆွေနှင့် သန်းဆွေက တွဲဖက်အယ်ဒီတာ...။

အောင်မယ်လေးဗျာ... အဲသည်တုန်းက ဆရာတင့်တယ်ရဲ့ အကြံအစည်နဲ့ ရည်ရွယ်ချက်ကြီးက တကယ့်အံ့ဖွယ် ဘနန်းကြီးပါဗျာ...။ အတိုချုပ်က မြန်မာပြည်တွင် စောင်ရေအများဆုံး၊ ဩဇာတိက္ကမအရှိဆုံး သတင်းစာကြီးဖြစ်ပြီးတော့ ဟိုတုန်းက ဖ–ဆ–ပ–လ အစိုးရကိုတောင် ကြိုးကိုင်မယ်လို့ဗျို့။ ဆရာတင့်တယ်ဟာ အရက်ကလေးထွေထွေနဲ့ ဆေးပေါ့လိပ်ကလေးလက်ကြားညှပ်ပြီးဆိုရင် မစားရဝခမန်း အင်မတန် အပြောကောင်းတယ်၊ သည်အခါမှာ တိုင်းပြည့်ထိပ်သီး သတင်းစာတိုက်ပိုင်ရှင်လောင်းကြီး ဦးကျော်ကလည်း စီးကရက်မီးခိုးငွေ့တဝေဝေထဲမှာ သူ့ခေါင်းလေး တညိတ်ညိတ်။ ကျွန်တော်တို့ တွဲဖက်အယ်ဒီတာလောင်း နှစ်ယောက်ကလည်း အဟီး... ဟီး။

သည့်နောက်တော့ သူတို့သတင်းစာထုတ်မယ့်အကြောင်း တဖြည်းဖြည်း ရပ်ဆိုင်းသွားပြီးတော့ တစ်ခါ ရုပ်ရှင်ရိုက်ကြမယ် လုပ်ကြပြန်ရောဗျို့...။

အင်း... ဦးကျော်ရဲ့ စာပေနဲ့ ဖြစ်ထွန်းလာတဲ့ ရှိစုမဲ့စုငွေလေး ကုန်ဖို့ ကုန်ဖို့...။

"ဒီမှာ ဦးကျော်... ခင်ဗျား စာပေနယ်မှာ အောင်မြင်နေပြီ၊ စာဖတ်သူတွေအတွက် လစဉ်မပြတ် အကျိုးပြုနေပြီ၊ သို့သော် တိုင်းပြည်မှာ ဘယ်လို

mgyoe.com

mgyoe.com


လူမျိုးတွေအတွက် ကျန်နေသေးသလဲ... ခင်ဗျားစဉ်းစားစမ်း..."

ဆရာတင့်တယ်သည် စကားကို ဖြတ်ကာဆေးပေါ့လိပ်ကို ဖွာရှိုက်လိုက်သည်။ ဒီနေရာမျိုးမှာ ဦးကျော်ကတော့ ဘာမျှမပြော။ နားထောင်ရုံသက်သက်ပင်။ သည်တော့မှ ဆရာတင့်တယ်က သူ၏ပြူးကျယ်သော မျက်လုံးကြီးကို ဖြဲလိုက်ပြီး သူ့စကားကို ဆက်၏။

"စာမတတ်လို့ စာမဖတ်နိုင်တဲ့လူတွေ၊ စာတတ်သော်လည်း စာဖတ်ဝါသနာ မပါတဲ့လူတွေ၊ စာပေကို မြတ်နိုးရမှန်း မသိတဲ့ ဆေးလိပ်ခုံ စက်ချုပ်ရုံက မိန်းကလေးတွေ ဆိုက်ကားသမားတွေ၊ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်တွေ သူတို့ကို ကျွန်တော်တို့က ဥပေက္ခာထားလို့ မဖြစ်သေးဘူး၊ သူတို့အတွက် အသိပညာကို ကျွန်တော်တို့က ဘယ်လိုပေးမလဲ..."

ဆရာတင့်တယ်သည် သူ့စကား ရပ်ပြန်ကာ ကျွန်တော်တို့အား မေးခွန်းထုတ်သည့် သဘောနှင့် သူ့မျက်လုံးပြူကြီးကို 'ဝိုင်းဝိုင်းလှည့်ကြည့်သည်။ ကျွန်တော်ကလည်း ရုတ်တရက်စိတ်ကူးရသည်နှင့်...

"လော်စပီကာနဲ့ စာဖတ်ပြမယ်..."

သည်တော့ ဆရာတင့်တယ်သည် ကျွန်တော့်ဘက် ဖျတ်ခနဲ မျက်စောင်းထိုးကြည့်ပြီး "မောင်ဆွေ တိတ်တိတ်နေစမ်း" ဟု ပြောပြီးမှ ဦးကျော်ဘက်လှည့်၍ "ရုပ်ရှင်ဗျ... ရုပ်ရှင်... ရုပ်ရှင်နဲ့ သူတို့ကို ကျုပ်တို့ပညာပေးရမယ်"

ယင်းသည်သို့ ဆရာတင့်တယ်၏ စိတ်ကူးယဉ်စေတနာဖြစ်ပါလိမ့်မည်။

ဤသို့ဖြင့် သူတို့သည် ရုပ်ရှင်ရိုက်ရန် ဆုံးဖြတ်ချက် ချလိုက်ကြလေ၏။ ထိုအခါမှာ ဆရာတင့်တယ်တွင် ဘိလပ်က ဝယ်လာခဲ့သော ရုပ်ရှင်ရိုက်နည်း စာအုပ်ထူကြီး၊ ပုံအမျိုးမျိုးနှင့် ပါလာသည်။ ဒါကြီးကိုလှန်၍လှန်၍ ဖတ်ပြီး ရုပ်ရှင်ဘယ်လိုရိုက်ရမည်ကို ဦးကျော်အား ဘာသာပြန်၍ ပြောပြနေသည်။ မြန်မာပြည်က ရုပ်ရှင်သမားတွေ ဒါတွေ နားမလည်ကြောင်း သူသာ တစ်ကားရိုက်ပြလိုက်ပါက၊ ဟိုလူတွေ၊ မျက်ဖြူဆိုက်ကုန်ကြပေတော့မည်။

သို့ဖြင့် ရှေ့ဦးဆုံး သူ့ဝတ္ထု 'လာလုလုငေး' ကို ရိုက်ရန် ဆုံးဖြတ်လိုက်

mgyoe.com